# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက် ၂၀၁၆ ခုနှစ်၊ မတ် ၇ ရက်၊ တနင်္လာနေ့ အတွဲ [၅၅]၊ အမှတ် [၁၅၉]

## ဖတ်မှတ်လေ့လာခြင်းအကျိုး

* ဖတ်မှတ်လေ့လာခြင်းတွင် ကောင်းစွာအားထုတ်သောသူသည် ဗဟုသုတအကြားအမြင် ပြည့်စုံတိုးတက်နိုင်၏။
* ဗဟုသုတအကြားအမြင်ဖြင့် အကြောင်းအကျိုးကို သိ၏။
* သိအပ်သော အနက်အဓိပ္ပာယ်သည် ချမ်းသာကို ဆောင်၏။

# ၂၁ ရာစု အခင်းအကျင်းမှာ မြေကြီးကရွေးသီးလာတဲ့ ရာဇဝင်ထဲက တောင်တော်ပုပ္ပား

သတင်းဆောင်းပါး-ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဓာတ်ပုံ-မျိုးမြင့်(သတင်းစဉ်)၊ မေဦးမိုး



ပုပ္ပားဒေသရှိ အောင်မြင်ဖြစ်ထွန်းနေသော နဂါးမောက်စိုက်ခင်းကို တွေ့ရစဉ်။

စိမ်းညို့နေသော တောင်တန်းကြီးများပေါ်တွင် မြူခိုးများလွင့်မျောနေသည်။ အညာဒေသဖြစ်သော်လည်း ရွက်ပြတ်ရောတောနှင့် အင်တိုင်းတောများ၊ တောခြောက်များရောပြွမ်းနေသည့် ယင်းဒေသကို စကားဝါမြေဟု တင်စားခေါ်ဝေါ်ကြသည်။ မြန်မာလူမျိုးအချို့၏ ရိုးရာနတ်ကိုးကွယ်ယုံကြည်မှုကြောင့်လည်း ပွဲတော်ကာလများတွင် လူသိန်းချီကာ လာရောက်လေ့ရှိသည့် နေရာတစ်ခု ဖြစ်သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များက ပုပ္ပားကို အပူပိုင်းဒေသ၏ အိုအေစစ်ဟု ခေါ်ဝေါ်ကြသည်။ နှစ်ပေါင်းများစွာက မီးတောင်ပေါက်ကွဲရာမှ ပြန့်ထွက်လာသည့် ချော်ကျောက်များ၊ မီးသင့်ကျောက်၊ ထုံးကျောက်၊ အင်ကြင်းကျောက်၊ သဲကျောက်များနှင့် အနီရောင် နွံ့စေးမြေများမှာလည်း ပုပ္ပားတောင်မကြီးတစ်ဝိုက် ပျံ့နှံ့လျက်ရှိသည်။

"ပုပ္ပားဒေသဟာ အချိုးအကွေ့သုံးခုကို ကြုံခဲ့ရတယ်။ ၁၉၇၀ ဝန်းကျင်မတိုင်မီမှာ လျှိုမြောင်ချိုင့်ဝှမ်းတွေ၊ စမ်းရေထွက်တွေနဲ့ စိမ်းညို့နေတဲ့ တောနက်တစ်ခုပါ။ ပဲ၊ နှမ်း အစရှိတဲ့ တောင်ယာအနည်းငယ်နဲ့ ဝမ်းစာတောင် အနိုင်နိုင်ပေါ့။ တော်လှန်ရေးကောင်စီခေတ်မှာတော့ ငှက်ပျောစိုက်ခင်းတွေ မျက်စိတစ်ဆုံးပါပဲ။ ကျွဲတို့ရွာကနေ တောင်ကလပ်ဆီ ဒါမှမဟုတ် ကျောက်ပန်းတောင်း လမ်းခွဲဆီကို ငှက်ပျောဖီး ၄၀ လောက် ဘယ်ညာထမ်းပြီး ရွာသူရွာသားတွေ ထမ်းပိုးယူသွားကြတယ်။ ၁၉၈၀ ပြည့်နှစ်နောက်ပိုင်းမှာတော့ သီသီသာသာ တောပြုန်းတော့တာပဲဗျို့။ နောက်ဆုံးအချိုးအကွေ့ကို ၂၀၀၀ ပြည့်နှစ်လောက်မှာ ကြုံရတော့တာပဲ။ ဒီတစ်ခါ *စာမျက်နှာ ၆ ကော်လံ ၁* ●

*စာမျက်နှာ ၆ ကော်လံ ၁*



ပုပ္ပားဒေသရှိ အောင်မြင်ဖြစ်ထွန်းနေသော မာလကာစိုက်ခင်းနှင့်အတူ ဒေသခံတစ်ဦး။

## ဂုဏ်ရည်ဆေးတိုက်

ဂုဏ်ရည် ® အမှတ်တံဆိပ်

ကြော်ငြာခွင့်ပြုချက်အမှတ်- တဆဆက (တနယ်ခင်း) ၀၅၄/၀၇၁၃

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊ အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်းရင်းလိပ်စာနှင့် အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

၈၂(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက် အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။

အချိန် -နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်၊) ဖုန်း-၀၁ ၆၄၂၆၈၂၊ ၀၁ ၆၄၁၅၀၁၊ ၀၉၉၇၀၀၅၀၀၅၀



## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ကြိုတင်ပြင်ဆင် အောင်ပွဲဝင်

မကြာမီ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြရတော့မည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိမျှော်မှန်းချက်၊ ရည်မှန်းချက်များ အောင်မြင်စွာ ကျော်လွှားနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုသည် အလွန်ပင် အရေးကြီးသော အချက်ဖြစ်ပါသည်။

ကျောင်းသား ကျောင်းသူများသည် စာမေးပွဲကြီးတွင် ကောင်းစွာဖြေဆိုနိုင်ရန် သင်ခန်းစာများကို ကျေညက်အောင် လေ့ကျင့်ထားရန် လိုအပ်သကဲ့သို့ ကျန်းမာရေးကောင်းရန်လည်း အထူးဂရုပြု၍ နေထိုင်စားသောက်ရန် အရေးကြီးပေသည်။

စာမေးပွဲကြီး ဖြေဆိုရန်နီးကပ်လာသည်နှင့်အမျှ စိုးရိမ်စိတ်များလွန်ကဲပြီး အိပ်မပျော်စားမဝင်ဖြစ်ကာ စိတ်ဖိစီးမှုဖြစ်တတ်လာသည့်အတွက် စိတ်ကိုတည်ငြိမ်အောင်ထားပြီး သင်ခန်းစာများကို ဖြည်းဖြည်းနှင့်မှန်မှန် လေ့လာကျက်မှတ်ထားရမည်ဖြစ်သည်။

စာမေးပွဲအတွက် စာကျက်နည်းသည်လည်း လိုအပ်သည့်အချက်တစ်ချက်ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူအများစုမှာ မနက်ဖြန်ဖြေဆိုရမည့် ဘာသာရပ်အတွက် စာကျက်ရာတွင် စာတစ်အုပ်လုံး ၏၊ သည်မရွေး လိုက်လံကျက်နေတတ်ပါသည်။ သာမန်ချိန် စာကျက်ခြင်းနှင့် စာမေးပွဲအတွက် စာကျက်ခြင်းသည် တူမည်မဟုတ်ပါ။

စာမေးပွဲအတွက် စာကျက်ခြင်းသည် ကြည့်သင့်လျှင်ကြည့်၊ ကျက်သင့်လျှင်ကျက်ဆိုသည့်အတိုင်း စာကိုအမှတ်ရအောင် အမြန်ကြည့်ရှုမှတ်သားခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် ရပြီးသားစာများကို စာနွှေးခြင်းအလုပ် ဖြစ်ပါသည်။ စာတစ်အုပ်လုံး အသေးစိတ်ကျက်မှတ်နေမည်ဆိုပါက ညဉ့်နက်မိုးလင်းအထိ ကျက်ကြသဖြင့် ကျန်းမာရေးထိခိုက်ပြီး စာမေးပွဲခန်းတွင် ကောင်းစွာမဖြေဆိုနိုင်ဘဲ ဖြစ်တတ်ပါသည်။ စာမေးပွဲကာလအတွင်း ကျန်းမာရေး ထိခိုက်မှုမဖြစ်အောင်လည်း သတိပြုနေထိုင်စားသောက်ကြရမည် ဖြစ်ပါသည်။

ထို့အပြင် အရေးကြီးဆုံးအချက်တစ်ချက်မှာ စာမေးပွဲဝင်ခွင့်ကတ်ပြားဖြစ်ပါသည်။ စာမေးပွဲဝင်ခွင့်ကတ်များ မေ့ကျန်ခြင်း၊ အထားမှား၍ အလွယ်တကူရှာဖွေမရခြင်း၊ ပျောက်ပျက်ခြင်းများ ဖြစ်တတ်ပါသည်။ ဝင်ခွင့်ကတ်ပြားမရှိလျှင် စာမေးပွဲဖြေဆိုခွင့် ဆုံးရှုံးသွားနိုင်ပါသည်။ ထို့ကြောင့် ဝင်ခွင့်ကတ်ပြားများကို အလွယ်တကူ ယူဆောင်သွားနိုင်အောင် ပြင်ဆင်ထားဖို့လိုပါသည်။

သို့ဖြစ်၍ မိမိဘဝတက်လမ်းအတွက် အရေးကြီးဆုံးဖြစ်သော တက္ကသိုလ်ဝင်စာမေးပွဲကြီးတွင် အမှတ်ကောင်းကောင်းဖြင့် ကောင်းစွာဖြေဆိုနိုင်ပြီး မိမိတက်ချင်သော တက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားနိုင်ရေးအတွက် ယခုအချိန်ကတည်းက ကျားကုတ်ကျားခဲ ကြိုးစားကာ အောင်မြင်မှုပန်းတိုင်သို့ လျှောက်လှမ်းနိုင်ရန် ဆရာမိဘတို့၏ ပူးပေါင်းမှုနှင့်အတူ အလေးထားဆောင်ရွက်ရန် အသိပေးအပ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၁၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၀၇၊ Fax- ၀၁-၈၆၀၄၅၄၆


### ရေပြတ်လပ်သည့် ကျေးရွာများသို့ ရေပေးဝေနိုင်ရေး ကြိုတင်ပြင်ဆင်

ကျိုက်ထို မတ် ၆

ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အယ်နီညိုဒဏ်ကြောင့် နွေရာသီ ရေရှားပါးပြတ်လပ်မှု ဖြစ်ပေါ်မည့် မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ရေပေးဝေနိုင်ရေးအတွက် မတ်လ ပထမပတ်မှစ၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားလျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

## (၇၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

(က) အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး။
(ခ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်ရန် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။
(ဂ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိအောင် ဆောင်ရွက်ရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရေး။
(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## စလင်းမြို့ အားကစားကွင်း အဆင့်မီပြုပြင်ပေးစေလို

မြင်သာထင်သာ မြို့ပြစေ့ရာ

မကွေးတိုင်းဒေသကြီး စလင်းမြို့ရှိ အားကစားကွင်းသည် ပြည်သူ့အားကစားကွင်းအဖြစ် သတ်မှတ်ထားသော်လည်း အားကစားကွင်းအင်္ဂါရပ်များနှင့် မပြည့်စုံဘဲ ချုံနွယ်ပိတ်ပေါင်းများဖြင့် ဖုံးအုပ်လျက်ရှိသည်။



ဒေသခံ အားကစားသမားများ ဘောလုံးကန်လေ့ကျင့်ခြင်း၊ အပြေးလေ့ကျင့်ခြင်းနှင့် အခြားအားကစားပြုလုပ်လိုသော်လည်း အားကစားကွင်းကို ပြုပြင်ထိန်းသိမ်းသူမရှိဘဲ အလေ့ကျ ကျခတ်ဆူးများပေါက်နေခြင်းကို့အပြင် ကစားကွင်းအဝင် ရေမြောင်းတံတားမှာ ပျက်စီးနေ၍ (ယာဝုံ) မြို့ပြအဆင့်နှင့်ဆီလျော်အောင် သက်ဆိုင်ရာမှ အမြန်ဆုံးပြုပြင်ပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

(၀၈၄)



## မော်လမြိုင်၌ ဘီပိုးကာကွယ်ဆေး အခမဲ့ထိုးပေး

မော်လမြိုင် မတ် ၆

ရှင်စောပု မွန်အမျိုးသမီးစွမ်းဆောင်ရှင်များအသင်းမှ မတ် ၆ ရက်က မော်လမြိုင် ဖတ်တန်းရပ်ကွက် မွန်မဇ္ဈိမရုံ၌ ဘီပိုးကာကွယ်ဆေးကို ဒုတိယအကြိမ် ထိုးနှံပေးကြောင်း သိရသည်။

ဘီပိုးကာကွယ်ဆေးကို မတ် ၆ ရက်တွင် တစ်ကြိမ်၊ ဧပြီ ၆ ရက်တွင် တစ်ကြိမ်၊ မေ ၆ ရက်တွင်တစ်ကြိမ် စုစုပေါင်းသုံးကြိမ် ထိုးပေးမည်ဖြစ်ပြီး ဆေးထိုးပြီးသူများကို ဆေးအောင် မအောင်စစ်ဆေးပြီး ဆေးမအောင်သည့်သူများကို ပြန်လည်ထိုးပေးမည်ဖြစ်ကြောင်း သိရသည်။

ယနေ့တွင် ဘီပိုးကာကွယ်ဆေး ၂၅၀ ထိုးပေးခဲ့ပြီး ၁၀ ဦးတွင် ရောဂါပိုးတွေ့ရှိ၍ ဆေးကုသမှုခံယူရမည်ဖြစ်ကြောင်း ရှင်စောပုမွန်အမျိုးသမီးစွမ်းဆောင်ရှင်များအသင်း အတွင်းရေးမှူး ဒေါ်မိမိုးမိုးအေးက ပြောသည်။ ဘီပိုးကာကွယ်ဆေးများကို ပင်တိုင်ဆရာဝန်လေးဦးနှင့် မော်လမြိုင် အထွေထွေရောဂါကု ဆေးရုံကြီးမှ သူနာပြုဆရာမ ၂၀ က ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

တင်ထွဋ်(မော်လမြိုင်)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း   ၆-၃-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၈၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၄၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၆၀/၄၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၄၂၀/၄၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၇၃၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၀၀/၅၂၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | |
|---|---|
| ဒီဇယ် | ၇၉၀၀၀/၈၂၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၈၈၀၀၀/ ၉၂၀၀၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၂.၀ |
| ဥရောပ | တစ်ယူရို | ၁၃၄၈.၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၇.၉၃ |
| ထိုင်း | တစ်ဘတ် | ၃၄.၇၇၃ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၃၄ |
| တရုတ် | တစ်ယွမ် | ၁၈၈.၆၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈.၀၂ |

ခင်ရတနာ-စုစည်းသည်။

❖ *ကျောဖုံးမှ*

စီမံကိန်းများကို ယခုအခါ စတင်ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်သည်။

အဆိုပါဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရန်အတွက် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင် ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ စွမ်းအင်ဝန်ကြီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ရတနာကမ်းလွန်သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးစင်သို့ ယနေ့မွန်းလွဲပိုင်းက ရောက်ရှိခဲ့သည်။

ရှေးဦးစွာ ရှင်းလင်းခန်းမ၌ Total E&P Myanmar ကုမ္ပဏီမှ အထွေထွေမန်နေဂျာ Mr. Xavier Preel က ရတနာသဘာဝဓာတ်ငွေ့စီမံကိန်း၏ သဘာဝဓာတ်ငွေ့ထုတ်လုပ်နေမှုအခြေအနေများ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဆောင်ရွက်နေမှုနှင့် လူမှုစီးပွားအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများကိုလည်းကောင်း၊ နည်းပညာရပ်ဆိုင်ရာမန်နေဂျာက စီမံကိန်းကာလအတွင်း အပိုင်းလိုက်ပြင်ဆင်၊ တိုးချဲ့ဆောင်ရွက်သွားရမည့်လုပ်ငန်းစဉ်များနှင့် လက်ရှိဆောင်ရွက်နေသော ပတ္တမြားဘူမိအနေအထားမှ သဘာဝဓာတ်ငွေ့များထုတ်ယူသွားမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။



တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကို စီမံကိန်းကာလတစ်လျှောက် ရေရှည်ကောင်းမွန်စွာ ထုတ်ယူသုံးစွဲနိုင်ရန်အတွက် အပိုင်းလိုက် စနစ်တကျစီမံဆောင်ရွက်နေမှုများကို ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အချိန်မီပြီးစီးအောင်ဆောင်ရွက်သွားရန် မြန်မာနိုင်ငံ၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် မြန်မာနိုင်ငံသားများကို ကုမ္ပဏီ၏ နည်းပညာရပ်ဆိုင်ရာလုပ်ငန်းများ၌ အရေအတွက် တိုးတက်ခန့်ထားပေးမှုများအပေါ် ဝန်ကြီးဌာနအနေဖြင့် ကြိုဆိုပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကမ်းလွန်ထုတ်လုပ်ရေးစင်၌ တာဝန်ထမ်းဆောင်နေကြသော မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဝန်ထမ်းများနှင့် Total E&P Myanmar ကုမ္ပဏီမှဝန်ထမ်းများကို သစ်သီးခြင်း လက်ဆောင်ပေးအပ်ကာ ထုတ်လုပ်ရေးစင်ပေါ်၌ လုပ်ငန်းတိုးချဲ့ဆောင်ရွက်နေမှုများအား လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ **(ဓဝဲ)**

ရတနာသဘာဝဓာတ်ငွေ့စီမံကိန်းသည် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ အဓိကရှာဖွေပေးနေသောစီမံကိန်းတစ်ခုဖြစ်ပြီး စီမံကိန်းလုပ်ငန်းများလုပ်ဆောင်မှုကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများလျော့နည်းအောင် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများက သက်ဆိုင်ရာကုမ္ပဏီမှတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အဓိကအားဖြင့် စီမံကိန်းဧရိယာအတွင်း ကျရောက်သော ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း နှစ်အလိုက် ဘတ်ဂျက်ငွေများ ခွဲဝေလျာထားဆောင်ရွက်စေလျက်ရှိရာ စီမံကိန်းစတင်သည့် ၁၉၉၅ ခုနှစ်မှ ယနေ့အချိန်ထိ စုစုပေါင်းအမေရိကန်ဒေါ်လာ ၃၈ သန်းခန့်ကို ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ အခြေခံအဆောက်အအုံများဖြစ်သည့် လမ်း၊ တံတားတည်ဆောက်ပြုပြင်ခြင်းများတွင် သုံးစွဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင် မွမ်းမံပြင်ဆင်ရေးစည်းဝေး

**ရန်ကုန် မတ် ၆**

ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး Training Centre ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ရန်ကုန်ပြည်သူ့ဆေးရုံကြီးပြုပြင်မွမ်းမံပြင်ဆင်ရေးအတွက် ယခင်ကျင်းပခဲ့သည့်အစည်းအဝေးများ၏ဆုံးဖြတ်ချက်များကို အလျင်အမြန်ဆောင်ရွက်ခဲ့သည့်အတွက် လုပ်ငန်းများ အသွင်သဏ္ဌာန်နှင့် အနှစ်သာရပြည့်ဝစွာ ပြောင်းလဲတိုးတက်လာခဲ့ပါကြောင်း၊ ယင်းတိုးတက်မှုများသည် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီလေးခုတို့၏ အားသွန်ခွန်စိုက်ဆောင်ရွက်မှုများ၏ရလဒ်များပင်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်း ဆောင်ရွက်ချက်များကို နောင်ပေါ်ပေါက်လာမည့် အစိုးရသို့ စနစ်တကျလွှဲပြောင်းပေးနိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်ထားရန်နှင့် လုပ်ငန်းများပြီးပြတ်စေရေး ပွင့်လင်းစွာ ဆွေးနွေးတင်ပြနိုင်ပါကြောင်း ပြောကြားသည်။ **(ယာယုံ)**

ထို့နောက် တာဝန်ရှိသူများက ယခင်ကျင်းပခဲ့သည့် လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဘဏ္ဍာငွေသုံးစွဲမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်လေးမြင့်တို့က ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စများနှင့် ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲမှုအခြေအနေများကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဒုတိယအင်ဂျင်နီယာချုပ် ဦးသန့်ဇင်က လျှပ်စစ်ဓာတ်အား တည်ငြိမ်စွာသုံးစွဲနိုင်ရေးအတွက် လိုအပ်သည်များကို ဆွေးနွေးကြကြောင်း သိရသည်။

**(သတင်းစဉ်)**



# ရန်ကုန်ဘူတာကြီး ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်း ၂၀၁၇ တွင် စတင်နိုင်မည်

**ရန်ကုန် မတ် ၆**

ရန်ကုန်ဘူတာကြီးနယ်မြေ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ၂၀၁၇ ခုနှစ် မေလတွင် စတင်နိုင်မည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ ဒီကနေ့ပြုလုပ်တဲ့ အခမ်းအနားကတော့ ရန်ကုန်ဘူတာကြီးနယ်မြေ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ဖို့အတွက် ပြည်တွင်းပြည်ပကုမ္ပဏီအဖွဲ့အစည်းတွေကို တင်ဒါခေါ်ယူတာနဲ့ပတ်သက်ပြီး ရှင်းလင်းတာဖြစ်ပါတယ်။ တင်ဒါပထမအဆင့်အနေနဲ့ ၆-၈-၂၀၁၅ ရက်နေ့မှာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသူ ပြည်တွင်းပြည်ပကုမ္ပဏီအဖွဲ့အစည်းတွေကို စိတ်ဝင်စားမှုဖော်ပြချက် (Expression of Interest) လို့ခေါ်တဲ့ အဆိုပြုလွှာတွေ ပေးပို့တင်ပြနိုင်ဖို့ ဖိတ်ခေါ်ခဲ့ရာမှာ သတ်မှတ်ပိတ်ရက် ၆-၁-၂၀၁၆ ရက်နေ့အထိ ပြည်တွင်းပြည်ပကုမ္ပဏီအဖွဲ့အစည်း နိုင်ငံပေါင်း ၁၄ နိုင်ငံမှ အဖွဲ့ ၁၈ ဖွဲ့က အဆိုပြုလွှာတွေ တင်သွင်းခဲ့ကြပါတယ်။ ဒီအထဲကမှ မြန်မာ့မီးရထားက စိစစ်အကဲဖြတ်ရာမှာ ပြည်တွင်း ပြည်ပကုမ္ပဏီအဖွဲ့အစည်း ၁၅ ဖွဲ့၊ နိုင်ငံအားဖြင့် ၁၀ နိုင်ငံမှ တင်ဒါလုပ်ငန်းစဉ် ဒုတိယအဆင့်ဖြစ်တဲ့ တင်ဒါဝင်ရောက်ယှဉ်ပြိုင်ခွင့်(Request For Proposal) ကို ခွင့်ပြုခဲ့ပါတယ်။ ဒီအထဲကမှ အကောင်းဆုံးဒီဇိုင်းပုံစံတွေနဲ့အတူ တင်ပြလာမယ့် အကောင်းဆုံးကုမ္ပဏီကို ရွေးချယ်ပြီး ၂၀၁၇ ခုနှစ် မေလမှ စီမံကိန်းလုပ်ငန်းတွေ စတင်နိုင်မှာဖြစ်ပါတယ်" ဟု ယနေ့မွန်းလွဲပိုင်းက ဆူးလေရှန်ဂရီလာ၌ ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲတွင် မြန်မာ့မီးရထားမှ အောက်မြန်မာပြည် အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းက ပြောသည်။




အဆိုပါ ဘူတာကြီးစီမံကိန်း တင်ဒါခေါ်ယူမှုကို ၂၀၁၄ ခုနှစ်က ဆောင်ရွက်ခဲ့သော်လည်း ဝင်ရောက်ယှဉ်ပြိုင်သည့် ကုမ္ပဏီအဖွဲ့အစည်းများသည် မြန်မာ့မီးရထားမှ မျှော်မှန်းလျာထားချက်များအတိုင်း ပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်းမရှိ၍ ဒုတိယအကြိမ် တင်ဒါခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဘူတာကြီးစီမံကိန်း အကျယ်အဝန်းသည် ၆၃ ဒသမ ၂၂ ဧက (၂၅ ဒသမ ၇၄၆ ဟက်တာ) ရှိသည်။ တင်ဒါအောင်မြင်သော ကုမ္ပဏီအနေဖြင့် ယင်းစီမံကိန်းဧရိယာအတွင်း ရထားလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများ၊ အထပ်မြင့် အဆောက်အအုံများ၊ ပို့ဆောင်ရေးစနစ်နှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ယင်းဘူတာကြီးနယ်မြေကို မဟာရန်ကုန်မြို့တော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်လာစေရန် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ ဒီနေ့ကစပြီး မေ ၃၁ ရက်အထိ ဝင်ရောက်ယှဉ်ပြိုင်တဲ့ ကုမ္ပဏီ ၁၅ ခုကို တင်ဒါဝင်ရောက်ယှဉ်ပြိုင်ခွင့် စာအုပ်ကို ရောင်းချပါတယ်။ ကုမ္ပဏီတွေအနေနဲ့ အကောင်းဆုံး Drawing တွေ၊ Structure တွေပါဝင်တဲ့ တင်ဒါအဆိုပြုလွှာကို ခြောက်လအတွင်း တင်ပြရမှာဖြစ်ပါတယ်။ ဒီအထဲကမှ အကောင်းဆုံးကုမ္ပဏီကို ရွေးချယ်ပြီး စီမံကိန်းလုပ်ငန်းတွေကို စတင်နိုင်မှာဖြစ်ပါတယ်" ဟု အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းက ဆက်လက်ရှင်းပြသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးကို ထရမ့်ဆန့်ကျင်နေဟု ဂျာမနီဒုတိယ ဝန်ကြီးချုပ်ပြောကြား

ဘာလင် မတ် ၆

ရီပတ်ဘလစ်ကန် သမ္မတလောင်းနေရာကို ဦးဆောင်ယှဉ်ပြိုင်နေသူ ဒေါ်နယ်ထရမ့်၏ လက်ယာယိမ်းဝါဒီများသည် ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးကို ဆန့်ကျင်နေသည်ဟု ဂျာမနီ ဒုတိယ ဝန်ကြီးချုပ် ဆစ်ဂမာ ဂါဘရီယယ်က ဝေဖန်ပြောဆိုလိုက်သည်။

ဂါဘရီယယ်၏ ဝေဖန်ချက်များတွင် ဥရောပ နိုင်ငံရေးလောကမှ ထွက်ခွာခဲ့သော စီးပွားရေးဝန်ကြီးနှင့် ဆိုရှယ်ဒီမိုကရက် ခေါင်းဆောင်ကသည် အမေရိကန် သမ္မတရွေးကောက်ပွဲရလဒ်ကို စိုးရိမ်နေကြကြောင်း ပြောကြားသည်။

"ထရမ့်နဲ့ လက်ယာယိမ်းမျိုးချစ်ဝါဒီတွေဟာ ငြိမ်းချမ်းရေးနဲ့ လူမှုဘဝတည်ငြိမ်မှုကို ခြိမ်းခြောက်ရုံသာမကဘဲ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုပါ ခြိမ်းခြောက်နေတယ်" ဟု တနင်္ဂနွေနေ့က သတင်းစာ အင်တာဗျူးတစ်ခု၌ ပြောကြားခဲ့သည်။

ထရမ့်နှင့် ပြင်သစ်မှ လီဖန်တို့သည် ဆန္ဒမဲပေးသူများကို နတ်သမီးပုံပြင်ကမ္ဘာထဲသို့ နောက်တစ်ဖန် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ကတိများပေး၍ မဲဆွယ်ခဲ့ကြသည်။

"ဂလိုဘယ်လိုက်ဇေးရှင်းပုံစံတစ်ခုကို တရားမျှတတဲ့ နည်းလမ်းနဲ့ ဘယ်လိုရယူရမလဲဆိုတာကို ရှင်းပြဖို့ ကျွန်တော်တို့ ကြိုးစားရမယ်" ဟု ဂါဘရီယယ်က ပြောခဲ့သည်။

နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲ၌ ရီပတ်ဘလစ်ကန်ပါတီမှ စီးပွားရေးလုပ်ငန်းရှင် ထရမ့် သမ္မတလောင်းနေရာတွင် ဆက်လက်ရှိနေနိုင်မည်လားဆိုသည်ကို ဂျာမနီရှိ နိုင်ငံရေးသမားများနှင့် ဥရောပမှ အခြားသူများကလည်း စောင့်ကြည့်လျက်ရှိသည်။ **(ရိုက်တာ)**



**စီးပွားရေးနှင့်စွမ်းအင်ရေးရာဝန်ကြီး ဆစ်ဂမာ ဂါဘရီယယ်ကို တွေ့ရစဉ်။**

# ၂၀၂၀ တွင် တရုတ်၏ လူဦးရေ ၁ ဒသမ ၄၂ ဘီလီယံထိ ရှိလာနိုင်

ပေကျင်း မတ် ၆

စနေနေ့က ထုတ်ပြန်ခဲ့သော ငါးနှစ်စီမံကိန်း မူကြမ်းတွင် တရုတ်နိုင်ငံ၏ လူဦးရေသည် ၂၀၂၀ ပြည့်နှစ်အကုန်ပိုင်းတွင် ၁ ဒသမ ၄၂ ဘီလီယံ အထိရှိလာနိုင်ကြောင်း ၂၀၁၅ ခုနှစ်မှစ၍ ၄၅ သန်းတိုးလာကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ၂၀၁၅ ခုနှစ်အကုန်ပိုင်းခန့်က လူဦးရေ ၁ ဒသမ ၃၇၄၆၂ ဘီလီယံရှိခဲ့ပြီး ၂၀၁၄ ခုနှစ်အကုန်ပိုင်းက ၆ ဒသမ ၈ သန်း တိုးလာကြောင်း ပြည်တွင်းစာရင်းအင်းဌာန အချက်အလက်များအရ သိရသည်။

တရုတ်နိုင်ငံ၌ လိုအပ်ချက်အရ မိသားစုတစ်စုလျှင် ကလေးနှစ်ဦး ရယူနိုင်ကြောင်း ပေါ်လစီချမှတ်ခဲ့ခြင်းကိုလည်း အဆိုပါမူကြမ်းအရ သိရသည်။ ကျား/မ အချိုးမညီမျှမှုကြောင့် ယင်းကဲ့သို့ ချမှတ်ခဲ့ခြင်းဖြစ်သည်။

မကြာသေးမီနှစ်များအတွင်းက လျှော့ချမှုများ ပြုလုပ်ခဲ့သော်လည်း ဇန်နဝါရီလ အချိုးမှာ ၁၁၃ ဒသမ ၅၁ သန်း၌ ရှိနေပြီး အမျိုးသမီးအရေအတွက်ထက် အမျိုးသားအရေအတွက်မှာ ၃၃ ဒသမ ၆၆ သန်းပိုနေကြောင်း၊ အဆိုပါ ကွာဟမှုမှာ ကမ္ဘာပေါ်တွင် အမြင့်ဆုံးအဆင့် ဖြစ်နေကြောင်း စာရင်းအင်းဌာနမှ သိရသည်။

မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုများ၊ သားဖွားမှုဆိုင်ရာ စောင့်ရှောက်မှုများကို တိုးမြှင့်လုပ်ဆောင်မည်ဖြစ်ပြီး ကလေးနှစ်ဦးပေါ်လစီ အကောင်အထည်ဖော်မှုနှင့် ဆက်စပ်သော မူဝါဒများကို ပြန်လည်ပြင်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ဒုက္ခသည် အချိုးကျခွဲဝေလက်ခံရေး ဩစတြီးယားငြင်းဆို

ဗီယင်နာ မတ် ၆

ဥရောပနိုင်ငံ အများအပြား၌ ဒုက္ခသည်များ အချိုးကျခွဲဝေနေရာချထားရေးတွင် ဩစတြီးယားအနေနှင့် ပါဝင်လိုခြင်းမရှိကြောင်း ၎င်းကိုအနေနှင့် လုံလောက်သောအရေအတွက်ကို လက်ခံပြီးဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

ဩစတြီးယား သတင်းစာပါ ဆိုရှယ်ဒီမိုကရက် တစ်ဦးဖြစ်သူ ဟန်စ်ပီတာ ဒေါ့စ်ကိုဇီ၏ ဝေဖန်ချက်တွင် တူရကီတွင် တနင်္လာနေ့၌ ကျင်းပမည့် အီးယူအရေးပေါ် အစည်းအဝေး၌ ဒုက္ခသည်များ လွှဲပြောင်းပေးရေး ပဋိပက္ခသည် ပိုမိုရှုပ်ထွေးလာဖွယ်ရှိကြောင်း သတိပေးထားသည်ကို တွေ့ရသည်။



တောင်းဆိုမှုများကြောင့် ပြီးခဲ့သောနှစ်က ၈ ဒသမ ၅ သန်းသော ပြည်သူတို့သည် ခိုလှုံခွင့်တောင်းခံသူ ကိုးသောင်းကို လက်ခံခဲ့ရပြီး ယခုနှစ်တွင် အရေအတွက် အကန့်အသတ်ကို လျှော့ချခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

"ဂရိက ဒုက္ခသည်တွေကို ဩစတြီးယားကို ဘာကြောင့် လွှဲပြောင်းပေးရမှာလဲ၊ ဒါဟာမှားယွင်းတဲ့ အမှတ်လက္ခဏာတစ်ရပ်ပဲ" ဟု ဒေါ့စ်ကိုဇီ၏မိန့်ခွန်းတွင် ဖော်ပြထားသည်။

ဆွစ်ဇာလန်သတင်းစာပါ သီးခြားသတင်းတစ်ရပ်တွင် ဆွစ်ဇာလန်နိုင်ငံသည် ဂရိမှ ခိုလှုံခွင့်တောင်းခံသူ ၆၀၀ ကို လက်ခံရမည်ဟု ပါရှိကြောင်း၊ ဆွစ်ဇာလန်သည် အီးယူအဖွဲ့ဝင်နိုင်ငံမဟုတ်သော်လည်း ပြီးခဲ့သောနှစ်က အစိုးရက အီးယူ၏နေရာချထားရေးအစီအစဉ်တွင် ခိုလှုံခွင့်တောင်းခံသူ ၁၅၀၀ ကို လက်ခံခဲ့ကြောင်း သိရသည်။

**(ရိုက်တာ)**

# မြောက်ကိုရီးယားကုန်တင်သင်္ဘော ဖိလစ်ပိုင်ဖမ်းဆီး ကုလသမဂ္ဂကပိတ်ပင်ထားသော မြောက်ကိုရီးယားသင်္ဘော ၃၁ စင်းရှိ

မနီလာ မတ် ၆

ကုလသမဂ္ဂကပြုံယမ်းအား နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ အရေးယူပိတ်ဆို့မှုများပြုလုပ်ခဲ့ပြီးနောက် ဖိလစ်ပိုင်က မြောက်ကိုရီးယား ကုန်တင်သင်္ဘောတစ်စင်းကို ဖမ်းဆီးလိုက်ကြောင်း ဖိလစ်ပိုင်တာဝန်ရှိသူများက စနေနေ့တွင် ပြောသည်။

မနီလာအနေဖြင့် အဆိုပါသင်္ဘောမှ သင်္ဘောသား ၂၁ ဦးအား နေရပ်သို့ ပြန်ပို့ပေးမည်ဖြစ်ပြီး ကုလသမဂ္ဂစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးမှုပြုလုပ်ရန် စောင့်ဆိုင်းနေကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် ချာလီဂျို့စ်ကပြောသည်။

"ကျွန်တော်တို့အနေနဲ့ ကုလသမဂ္ဂရဲ့ဆုံးဖြတ်ချက်အရ ဆူဘစ်မှာရှိတဲ့ မြောက်ကိုရီးယားသင်္ဘောကို ထွက်ခွာခွင့်ပြုမှာမဟုတ်ပါဘူး"ဟု ၎င်းက ပြောသည်။

တန်ချိန် ၆၈၃၀ ရှိ အဆိုပါကုန်တင် သင်္ဘောဂျင်တန်းသည် မြောက်ကိုရီးယားကိုအရေးယူပိတ်ဆို့မှုအပြီး ပထမဆုံးဖမ်းဆီးလိုက်ခြင်းဖြစ်သည်။

ကုလသမဂ္ဂမှ အရေးယူပိတ်ဆို့ထားသည့်သင်္ဘော ၃၁ စင်းရှိပြီး ယခုဖမ်းဆီးလိုက်သောသင်္ဘောလည်း အပါအဝင်ဖြစ်ကြောင်း သိရသည်။

**(ရိုက်တာ)**

# ဘဂ္ဂဒက်မြို့အနီး၌ အသေခံ ထရပ်ကားဗုံးခွဲတိုက်ခိုက် အနည်းဆုံး ၂၅ ဦးသေဆုံး

ဘဂ္ဂဒက် မတ် ၆

အီရတ်နိုင်ငံအလယ်ပိုင်း ဘာဘီလ်ပြည်နယ်ရှိ ဟီလာမြို့တော်မြောက်ဘက် လုံခြုံရေးစစ်ဆေးရေးဂိတ်တစ်ခုအနီး၌ မတ် ၆ ရက်က အသေခံ ထရပ်ကားတစ်စီး ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၂၅ ဦးသေဆုံးပြီး ၅၇ ဦးကျော် ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်လုံခြုံရေးဌာနမှ ဆင်ဟွာသို့ပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုမှာ မွန်းတည့်အချိန်ခန့်က ဘဂ္ဂဒက်မြို့တောင်ဘက် ကီလိုမီတာ ၁၀၀ အကွာရှိ ဟီလာမြို့မြောက်ဘက် အဝင်ပေါက် အယ်အသာ လုံခြုံရေးစစ်ဆေးရေးဂိတ်အနီး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ထရပ်ကားဗုံးခွဲတိုက်ခိုက်မှုအတွင်း လူ ၂၅ ဦးသေဆုံးပြီး ၅၇ ဦး ဒဏ်ရာရခဲ့ကြောင်း နောက်ဆုံးရသတင်းများအရ သိရသည်။ ပေါက်ကွဲမှုကြောင့် စစ်ဆေးရေးဂိတ်ပျက်စီးသွားပြီး ယာဉ်အစီးရေ တစ်ဒါဇင်ခန့် ဆိုးဆိုးရွားရွားပျက်စီးခဲ့ကြောင်း သိရသည်။

သေဆုံးသူ အရေအတွက်မှာ တိုးလာနိုင်ဖွယ်ရှိပြီး ဒဏ်ရာရသူများကို လူနာတင်ယာဉ်များဖြင့် ကျန်းမာရေးဌာနများနှင့် ဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အိုင်အက်စ်စစ်သွေးကြွများသည် အီရတ်ရှိ ဗလီကျောင်းများ၊ ဈေး၊ ကဖေးဆိုင်များနှင့် စစ်ဆေးရေးဂိတ်အပါအဝင် လူစုလူဝေးရှိသော နေရာများကို ပစ်မှတ်ထားတိုက်ခိုက်နေခြင်းဖြစ်သည်။ **(ဆင်ဟွာ)**



**မတ် ၅ ရက်က ခရိုအေးရှားရှိ တိရစ္ဆာန်ရုံတစ်ခု၌ ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့ကျင်းပစဉ်အတွင်း စပါးကြီးမြွေများကို ကလေးငယ်များကြည့်ရှုနေစဉ်။** (ကျင်းပရခြင်းရယ်ရွယ်ချက်မှာ ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနှင့် အပင်များ ထိန်းသိမ်းရေး အသိပညာပေးမြှင့်တင်ရန်ဖြစ်သည်။) (ဆင်ဟွာ)

# လယ်တော်သူအလှမယ်ပြိုင်ပွဲ ကချင်ပြည်နယ်မှ မခေါင်စေး ပထမဆုနှင့် Miss Photogenic ဆုဆွတ်ခူး




**ရန်ကုန် မတ် ၆**

မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းက ကြီးမှူးကျင်းပသည့် စတုတ္ထအကြိမ် လယ်တော်သူအလှမယ်ပြိုင်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC) ခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အလှမယ် ၂၀ တို့က လယ်တော်သူသရုပ်ဖော်အဝတ်အစားများဖြင့် ယှဉ်ပြိုင်ကြပြီး လယ်တော်သူအလှမယ် ၁၀ ဦးကို ထပ်မံရွေးချယ်ကြကာ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်သည့် ဗဟုသုတမေးခွန်းများ မေးမြန်းကြသည်။

ယင်းလယ်တော်သူ အလှမယ်ပြိုင်ပွဲတွင် ပထမဆု ငွေကျပ်သိန်း ၅၀ နှင့် Gold Crown ပြည်ပခရီးစဉ်ဆုနှင့် Miss Photogenic ဆုကို မခေါင်စေး၊ ဒုတိယဆု ငွေကျပ် သိန်း ၃၀ နှင့် ပြည်ပခရီးစဉ်ဆုကို မဆုမွန်သိမ့်၊ တတိယဆု ငွေကျပ်သိန်း ၂၀ နှင့် ပြည်ပခရီးစဉ်ဆုကို မယဉ်စနိုင်း၊ စတုတ္ထဆု ငွေကျပ် ၁၅ သိန်းကို မဖူးသိမ်မွေ့ခင်၊ Best Costume ဆုကို မခေါန်ဆန်၊ Members Choice ဆုကို မမော်နွယ်ထွန်းတို့ကရရှိကြပြီး ဆုများကို မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်နှင့် တာဝန်ရှိသူများက ချီးမြှင့်ကြကြောင်း သိရသည်။

"ကျွန်မက မြစ်ကြီးနားတက္ကသိုလ် တတိယနှစ်ကျောင်းသူပါ။ ပြောမပြတတ်အောင် စိတ်လှုပ်ရှားခဲ့ပါတယ်။ လယ်တော်သူပြိုင်ပွဲကို မကြားဖူးဘူး၊ ဆရာမပြောလို့ စိတ်ဝင်စားလို့ လာပြိုင်တာပါ။ အခက်အခဲတွေကြားက ကြိုးစားခဲ့ရပါတယ်။ လယ်ယာနဲ့ပတ်သက်တဲ့အတွေ့အကြုံရှိပြီး ငယ်ငယ်က ကောက်တွေစိုက်၊ ကောက်တွေရိတ်ခဲ့ဖူးတယ်။ ကျောင်းတက်ရင်းနဲ့ အခွင့်အရေးရရင် မစ္စပြိုင်ပွဲတွေ ပြိုင်သွားမှာပါ။ ဝါသနာပါတာကတော့ လေယာဉ်မယ် ဖြစ်ချင်တယ်" ဟု ပထမဆုနှင့် Miss Photogenic ဆုရ ကချင်ပြည်နယ်မှ မခေါင်စေး (ဝဲပုံ)က ဝမ်းသာပီတိစကားပြောကြားသည်။

**သတင်းနှင့် ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# မြန်မာနိုင်ငံ အမျိုးသားကင်းထောက်အဖွဲ့အား ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုဝင်ရောက်နိုင်ရေး ဆွေးနွေး

**ရန်ကုန် မတ် ၆**

မြန်မာနိုင်ငံ အမျိုးသားကင်းထောက်အဖွဲ့လုပ်ငန်းများနှင့် ပတ်သက်ပြီး ကမ္ဘာ့ကင်းထောက်အဖွဲ့ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် လုပ်ငန်းများ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ တော်ဝင်ဂါးဒင်းဟိုတယ်၌ ကျင်းပသည်။

ယင်းဆွေးနွေးပွဲသို့ ကမ္ဘာ့ကင်းထောက်အဖွဲ့ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ကင်းထောက်လုပ်ငန်း အထောက်အကူပြုဌာနမှ ဒါရိုက်တာ Mr.Thian Hiong-Boon၊ မြန်မာနိုင်ငံ အမျိုးသားကင်းထောက်အဖွဲ့ကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ ဒုတိယကင်းထောက်ချုပ် ဦးသာစိန်၊ အပြည်ပြည်ဆိုင်ရာ ကင်းထောက်မှူးချုပ် ဦးမောင်မောင်ဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးသီဟတို့ တက်ရောက်ပြီး မြန်မာနိုင်ငံ အမျိုးသားကင်းထောက်အဖွဲ့၏ လမ်းပြမြေပုံပေါ်၌အခြေပြုသည့် အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံ၌ မကြာမီကျင်းပမည့် ကင်းထောက်သင်တန်းများ၊ လုပ်ငန်းဆွေးနွေးပွဲများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသားကင်းထောက်အဖွဲ့အား ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင် နိုင်ငံအဖြစ် အသိအမှတ်ပြု ဝင်ရောက်နိုင်ရေးအတွက် သတ်မှတ်သည့်လုပ်ငန်းစဉ်များအားလုံးကို အချိန်မီပြီးစီးနိုင်ရေးအတွက် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့က ပံ့ပိုးကူညီမည့် အစီအစဉ်များနှင့် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့တို့ ကြိုးပမ်းဆောင်ရွက်ရေးလုပ်ငန်းများကိုလည်းကောင်း ဆွေးနွေးကြသည်။

မြန်မာလူငယ်များ လူ့အဖွဲ့အစည်းများတွင် ကြံ့ခိုင်သောစိတ်ဓာတ်၊ ရင့်ကျက်သည့်ကိုယ်ရည်ကိုယ်သွေးပိုင်ဆိုင်ပြီး အများအတွက် အဆင်သင့် ကူညီပံ့ပိုးသူများအဖြစ် လေ့ကျင့်ပေးနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် ကင်းထောက်လုပ်ငန်းများကို မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့က သင်တန်းများ၊ ဆွေးနွေးပွဲများ၊ စခန်းချတွေ့ဆုံပွဲများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

**ကိုလတ်(သတင်းစဉ်)**

# ဖားကန့်မြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးသည့် ရပ်ကွက်/ကျေးရွာများသို့ သောက်သုံးရေများ ဖြန့်ဝေ

**ဖားကန့် မတ် ၆**

နွေရာသီ သောက်သုံးရေ အခက်အခဲကြုံတွေ့နိုင်ဖွယ်ရှိသည့် ဖားကန့်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ကြိုတင်ပြင်ဆင်မှုများနှင့် သောက်သုံးရေဖြန့်ဝေမှုများကို ဖားကန့်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာများသို့ ကွင်းဆင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




ဖားကန့်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် စေတနာရှင်အလှူရှင်များ ပူးပေါင်း၍ မတ် ၆ ရက် မွန်းလွဲ ၁ နာရီကစတင်ကာ ရေသယ်ယာဉ်နှစ်စီးဖြင့် ဖားကန့်မြို့ ငှက်ပျောတောရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်းသို့ ရေဂါလန် ၁၂၀၀ နှင့် သောက်ရေသန့်ဘူးကြီး ၂၀၊ မော်ဝမ်းလေး ကျေးရွာသို့ သောက်ရေသန့်ဘူးကြီး ၃၀ ပေးဝေလှူဒါန်းခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**စိုးနိုင်ဦး(ဖားကန့်)**

# သိမ်းဆည်းခံလယ်ယာမြေများအား မူလတောင်သူများထံ ပြန်လည်ပေးအပ်ပြီး ယာယီလုပ်ကိုင်ခွင့်ပုံစံထုတ်ပေး




**သာစည် မတ် ၆**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီမှ သိမ်းဆည်းခံလယ်ယာမြေများအား မူလတောင်သူများထံ ပြန်လည်ပေးအပ်ပြီး ယာယီစိုက်ပျိုးလုပ်ကိုင်ခွင့်ပုံစံ(၃) ထုတ်ပေးပွဲကို မတ် ၆ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ငွေက အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး ဦးထွန်းမင်းနိုင်တို့က သာစည်မြို့နယ် အင်တိုင်းသာစိုက်ခြံမှ ပြန်လည်စွန့်လွှတ်မြေ ၁၄၉၉ ဒသမ ၄၂ ဧကအတွင်း ပုံစံ(၃)လျှောက်ထားသည့် တောင်သူများအား ပေးအပ်ရာတွင် အုတ်တွင်းကျေးရွာမှ ဦးဝင်းလှိုင်ပါ တောင်သူ ၉၇ ဦးအား ဧရိယာ ၆၉၇ ဒသမ ၂၅ ဧက၊ အလယ်ကန်ကျေးရွာအုပ်စုမှ ဦးစံမြင့်ပါ တောင်သူ ၉၈ ဦးအား ဧရိယာ ဧက ၇၀၅ ဒသမ ၅၀ စုစုပေါင်းဧရိယာ ၁၄၀၂ ဒသမ ၇၅ ဧကနှင့် ရွာကြီးကျေးရွာအုပ်စုရှိ မင်းဘုရားတန်အဆိုပြုကာကွယ်တောအဖြစ်မှ ပယ်ဖျက်သည့်ဧရိယာအတွင်း ပုံစံ(၃)လျှောက်ထားသည့် တောင်သူများအားပေးအပ်ရာတွင် ရွာကြီးကျေးရွာအုပ်စုမှ ဦးညွန့်နိုင်ပါ တောင်သူ ၂၇ ဦးအား ဧရိယာ ၁၁၇ ဒသမ ၄၂ ဧကတို့အား ယာယီစိုက်ပျိုးလုပ်ကိုင်ခွင့်ပုံစံ(၃)များ ပေးအပ်သည်။ (အပေါ်ပုံ)

**ထွန်းထွန်း(သာစည်)**

# ဥတ္တရသီရိမြို့နယ် နွေစပါးမြေသြဇာ စုပေါင်းကြဲပက်



**နေပြည်တော် မတ် ၆**

နေပြည်တော် ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာအုပ်စု ၂၀၁၅-၂၀၁၆ နွေစပါးမြေသြဇာ စုပေါင်းကြဲပက်ပွဲကို မတ် ၅ ရက် နံနက် ၈ နာရီက ကွင်းအမှတ်(၁၈၈၁) ဦးပိုင်အမှတ် ၃ဃ/၄ တောင်သူဦးထွန်းဝေ၏ နွေစပါးစံကွက် ၂၅ ဧက၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဦးစီးမှူးက နွေစပါးပုလဲသွယ်အထွက်နှုန်း တင်း ၂၀၀ နှင့်အထက်ထွက်ရှိနိုင်ရေး ဆောင်ရွက်ရမည့် GAP နည်းလမ်းများ မျိုးကောင်းမျိုးသန့်ပွားများနိုင်ရေးနှင့်အခက်အခဲ ဖြေရှင်းရန်နည်းလမ်းများ၊ သွင်းအားစုစနစ်တကျဆောင်ရွက်ရန်နှင့် ပေါင်းမြက်ပိုးမွှားရောဂါကင်းဝေးရေး အချိန်မီဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

မြေသြဇာကြဲပက်ပွဲ၌ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးတင်ဦးကြိုင်၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ကျော်ဦး၊ မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့် တောင်သူများစုပေါင်း၍ မြေသြဇာကြဲပက်ခဲ့ကြောင်း သိရသည်။

**ကိုကြီးကျော်(ပျဉ်းမနား)**

## နေရာကွက်ကျား မိုးထစ်ချုန်းနိုင်

**နေပြည်တော် မတ် ၆**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

(မြန်မာ့အလင်း)

# အမေရိကန်မှ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ သွားဘက်ဆိုင်ရာဆရာဝန်များ ပူးပေါင်းသောအဖွဲ့ ကျောက်ပန်းတောင်းမြို့ ကျေးလက်ပြည်သူတို့၏ သွားနှင့် ခံတွင်းရောဂါများ ကျန်းမာရေးစောင့်ရှောက်မှုပေး

**ကျောက်ပန်းတောင်း မတ် ၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မကျီးတိုင်းကျေးရွာအုပ်စု၌ တောင်ပုလု ပြည့်ဝရှင်ကျောင်းဆရာတော် အရှင်ပညာသီရိ၏ စီစဉ်မှုဖြင့် အမေရိကန်နိုင်ငံမှ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ သွားဘက်ဆိုင်ရာ ဆရာဝန်များ ပူးပေါင်းပါဝင်သောအဖွဲ့သည် ဒေသအတွင်းရှိ ကျေးလက်နေပြည်သူများ၏ သွားနှင့်ခံတွင်းရောဂါဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုများကို မတ် ၅ ရက်မှ ၆ ရက်အထိအဆိုပါ မကျီးတိုင်းကျေးရွာအုပ်စု တောင်ပုလု ပြည့်ဝရှင်ကျောင်းတွင် အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



အဆိုပါ သွားနှင့် ခံတွင်းဆိုင်ရာ ရောဂါများ ကုသရေးအဖွဲ့တွင် အမေရိကန်နိုင်ငံမှ အထူးကုဆရာဝန်ကြီးများဖြစ်ကြသော Dr.Maureen Valley၊ Dr.Richard Schmotter၊ Dr.Alex Schmotter နှင့် Dr.Bliss Zin တို့ပါဝင်ပြီး မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန (နေပြည်တော်)မှ ဒေါက်တာခင်မောင် ဦးဆောင်သည့် သွားဘက်ဆိုင်ရာ ဆရာဝန် ၂၈ ဦးနှင့် အထောက်အကူပြုဝန်ထမ်းများပါဝင်ကြောင်း သိရသည်။

"ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနက ကျွန်တော်အပါအဝင် ကျန်းမာရေးဝန်ထမ်းစုစုပေါင်း ၅၁ ဦးပါပါတယ်။ ဆရာတော်ရဲ့ မေတ္တာရပ်ခံချက်အရ ကျွန်တော်တို့လည်း ကုသိုလ်ဖြစ် ပါဝင်ကူညီ ဆောင်ရွက်ပေးကြတာပါ။ ကျွန်တော်တို့အဖွဲ့ရဲ့ သွားရေးလာရေးကိစ္စတွေကိုတော့ ထူးဖောင်ဒေးရှင်းနဲ့ Air Bagan တို့က ပူးပေါင်းတာဝန်ယူတာပါ"ဟု ကျန်းမာရေးဌာနမှ အဖွဲ့ခေါင်းဆောင် ဒေါက်တာခင်မောင်က ပြောသည်။

အဆိုပါ ပူးပေါင်းအဖွဲ့သည် သွားနှင့်ခံတွင်းဆိုင်ရာ ကုသမှုများဖြစ်သည့် သွားနုတ်ခြင်း၊ သွားစိုက်ခြင်း၊ သွားဖာခြင်း၊ ချိုးခြစ်ခြင်းနှင့် အံကပ်တပ်ခြင်းများကို အခမဲ့ဆောင်ရွက်ပေးခြင်းဖြစ်ရာ ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှ ကျေးရွာများနှင့် ကျောက်ပန်းတောင်းမြို့ပေါ်မှ ပြည်သူများ၊ ကျောက်ပန်းတောင်းမြို့နယ်နှင့် အနီးဝန်းကျင် မြို့နယ်များရှိ ကျေးရွာများမှ ကျေးလက်နေပြည်သူများ လာရောက်၍ ကုသမှုခံယူလျက်ရှိကြရာ မတ် ၅ ရက် နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ လူနာ ၄၈၅ ဦးကို ကုသမှုပေးခဲ့သည်။ မတ် ၆ ရက်တွင် နံနက် ၇ နာရီမှ စတင်လက်ခံကုသပေးလျက်ရှိရာ မွန်းလွဲ ၁ နာရီတွင် လူနာ ၁၂၄ ဦးစာရင်းလက်ခံ ထားရှိပြီး ညနေ ၆ နာရီအထိ ကုသပေးခဲ့ရာ နှစ်ရက်အတွင်း ရဟန်း၊ သာမဏေ၊ သီလရှင်နှင့် ပြည်သူ စုစုပေါင်း လူနာ ၆၀၉ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ကြောင်း သိရသည်။

**နေအောင်(မြန်/ဆက်)**

## အရန်မျိုးစေ့များ ကြိုတင်စီမံစုဆောင်းထားရှိရေး နှိုးဆော်ချက်

၁။ ယခင်နှစ် မြန်မာနိုင်ငံ အနှံ့အပြားတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်ခဲ့ပြီး စပါးစိုက်လယ်မြေများ ရေနစ်မြုပ်ခြင်း၊ ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့မှုအပေါ် အချိန်မီပြန်လည် စိုက်ပျိုးရေးအတွက် မျိုးလုံလောက်မှုမရှိသည့် အခက်အခဲများ ကြုံတွေ့ခဲ့ပါသည်။

၂။ မိုးရာသီကာလတွင် ရေကြီးရေလျှံဖြစ်လေ့ ဖြစ်ထရှိသောဒေသများအနေဖြင့် လာမည့်မိုးရာသီကာလအတွက် **အရန်မျိုးစေ့များကို ယခုနှစ်နွေသီးနှံပေါ်ချိန်တွင် ကြိုတင်စီမံစုဆောင်းထားရှိကြရန်** လိုအပ်မည်ဖြစ်ပါသည်။

၃။ ရာသီဥတုကြောင့် သီးနှံများပျက်စီးဆုံးရှုံးမှုရှိလာသည့်ကာလတွင် နိုင်ငံ၏ စားရေရိက္ခာ ကုတ်လုပ်မှုကို မထိခိုက်စေရေးအတွက် အချိန်မီအချိန်ကိုက် ပြန်လည်အစားထိုး စိုက်ပျိုးနိုင်ကြရန်၊ လိုအပ်သော **အရန်မျိုးစေ့များကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စီမံချက်များဖြင့် မြို့နယ်အသီးသီးတွင် ကြိုတင်စီမံစုဆောင်းထားရှိကြရန်** နှိုးဆော်အပ်ပါသည်။

**(လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**

စာမျက်နှာ ၆ မှ

တွေက ရွာစဉ်အလိုက် ဆက်ထားတာဆိုတော့ ပုံမှန်မိုင် ၂၀ ခရီး ပုပ္ပားတောင်ကလပ်ကို ခုနစ်မိုင်နဲ့ အရောက်သွားနိုင်တယ်။ ၂၀၀၇ ခုနှစ် လမ်းတွေပြီးစကတည်းကစပြီး အဆင်ပြေလာလိုက်တာ တဖြည်းဖြည်းနဲ့ ကျောက်ချောလမ်းတွေ ဖြစ်လာခဲ့တယ်။ လမ်းပိုင်းအများစုက ကတ္တရာလမ်းတွေ ဖြစ်လာတဲ့အခါ ကျွန်တော်တို့ ဘဝတွေလည်း မြင့်မားလာတယ်။ စိုက်ပျိုးတဲ့သူ များလာပေမယ့် မြေကတိုးမလာတာကြောင့် ကြိုးဝိုင်းမြေထဲက စိုက်ပျိုးမြေအနည်းငယ်တိုးပေးနိုင်ရင် ကျွန်တော်တို့အတွက် အဆင်ပြေနိုင်ပါတယ်"ဟု ညောင်ချိုင်းရွာမှ ဒေသခံတစ်ဦးက ပြောသည်။

"ရေရရှိမှုနဲ့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုတွေဟာ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးကိစ္စတွေမှာ အများကြီးမြင့်မားလာတယ်။ စီးပွားရေးမှာလည်း မြေကကောင်းပြီး နှစ်ရှည်ပင်တွေကလည်း အသီးအပွင့်ခံစားရတဲ့ကာလမို့ ပုပ္ပားတစ်ဝိုက်ဖွံ့ဖြိုးမှု အားကောင်းလာပါတယ်။ ဒါပေမယ့် အခက်အခဲတွေတော့ ရှိနေတုန်းပါပဲ။ သရက်မျိုးတွေထဲမှာ စိန်တစ်လုံးရော ပတ္တမြားငမောက်ပါ အလွန်ကောင်းပေမယ့် အရောင်အသွေးနဲ့ အသီးရဲ့အရည်အသွေးကို အခုထက်ပိုပြီး အဆင့်မြှင့်နိုင်ဖို့ လိုအပ်နေပါသေးတယ်။ ထုပ်ပိုးတဲ့အခါမှာလည်း စနစ်မကျတာတွေ ရှိနေသေးတော့ ဈေးကွက်ဖြန့်ကြက်မှုကလည်း ပွဲစားတွေကို အဓိကအားကိုးနေရတာမို့ နိုင်ငံတော်က ကူညီပေးစေချင်တယ်။ နဂါးမောက်ဆိုရင် အလုံးလှပြီး ရောင်းတန်းဝင်ပေမယ့် ဈေးကွက်က အားနည်းလို့ ထင်သလောက် အမြတ်မထွက်ကြဘူး" ဟု



ပုပ္ပားဒေသရှိ စိန်တစ်လုံးသရက်ပင်များ အောင်မြင်ဖြစ်ထွန်းနေသည်ကို တွေ့ရစဉ်။

လျှော်တောကျေးရွာမှ မူလတန်းပြဆရာမ ဒေါ်မြမြသက်က ပြောသည်။

ရေထွက်စမ်းများမှ ရေများကို တစ်နှစ်ပတ်လုံး အားကိုးအသုံးပြုနေကြသည့် ပုပ္ပားဒေသတွင် ရေအားကို အသုံးပြုကာ တစ်နိုင်တစ်ပိုင် လျှပ်စစ်ထုတ်ယူခြင်းများကိုလည်း မြင်တွေ့ရပြီး ဆိုလာစနစ်သုံး လျှပ်စစ်မီးသွယ်တန်းမှုများကိုလည်း အများအပြား မြင်တွေ့ရသည်။

နွေဦးကာလ ရောက်သည့်တိုင် သစ်ရိပ်ဝါးရိပ်တို့ဖြင့် အေးချမ်းနေသည့် စကားဝါမြေသည် တောတောင်လျှိုမြောင် စိမ့်စမ်းအသွယ်သွယ်တို့ဖြင့် အလွန်သာယာလှပလျက်ရှိသည်။ ကျေးငှက်များ၏ အော်မြည်သံသည် နံနက် ၁၁ နာရီ နေရောင်အောက်တွင်ပင် စိတ်ကိုကြည်နူးချမ်းမြေ့စေသည်။ ဖြောင့်ဖြူးနေသော ပုပ္ပားတောင်မကြီး ပတ်လမ်းတစ်လျှောက် ဆိုင်ကယ်စက်သံများ၊ လိုက်ထရပ်ကားသံများ မပြတ်ထွက်ပေါ်နေသကဲ့သို့ လမ်းဘေးဝဲယာတစ်ဖက်တစ်ချက်စီတွင်လည်း တသွင်သွင် စီးဆင်းနေသည့် စိမ့်စမ်းရေကျဆင်းသံများကို ကြားနေရသည်။ စိုက်ပျိုးရေးသမားများ၏ စုပေါင်းလှုပ်ရှားမှု မြင်ကွင်းများနှင့် ပျော်ရွှင်စွာ စကားပြောဆိုသံများကိုလည်း မြင်တွေ့ကြားသိနေရသည်။

ပင်လယ်ရေမျက်နှာပြင်ထက် ပေပေါင်း ၄၉၀၀ ကျော်အမြင့်ရှိသည့် ပုပ္ပားတောင်မကြီးထက်မှ ထုံးဖြူဖွေးဖွေးစေတီတို့က နံနက်ခင်းနေရောင်အောက်တွင် တင့်တယ်စွာ စံပယ်နေသည်။ ရှုမဆုံးနိုင်သည့် မြင်ကွင်းအလှအပများကို ဓာတ်ပုံရိုက်ကူးနေသည့် ကျွန်မတို့ကို "ရိုက်ပြီးသွားရင် ဖေ့စ်ဘွတ်ခ်မှာ မတင်နဲ့နော်။ မြန်တွေ့ရင် ရှက်စရာကြီး"ဟု ငှက်ပျောခုတ်နေသည့် လျှော်တောရွာသူများက သူတို့၏လက်ကိုင်ဖုန်းများကို မြှောက်ပြရင်း စီစီညံညံ စနောက်သံများ ထွက်ပေါ်လာသည်။ ပုပ္ပားတောင်ဝန်းကျင်မှ ဒေသခံပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်သော လူမှုစီးပွားဘဝများကို မုဒိတာပွားခဲ့ရပါသည်။



ကျေးရွာချင်းဆက် ပုပ္ပားတောင်ပတ်လမ်းကို တွေ့ရစဉ်။

■ ကျောဖုံးမှ

ဆက်လက်၍ မင်္ဂလာဆိပ်ခံတံတားသစ်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အလှံများကို နောင်ရိုးမြန်မာဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ အုပ်ချုပ်မှု ဒါရိုက်တာက တာဝန်ရှိသူများထံ ပေးအပ်ပြီး တံတားနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေးအား ပေးအပ်သည်။ ယင်းနောက် မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဆိပ်ခံတံတားကို နိုင်ငံတော်အစိုးရမှ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ် ရန်ပုံငွေကျပ်သိန်း ၂၀၀၀ ခွင့်ပြုငွေဖြင့် နောင်ရိုးမြန်မာဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီမှ တာဝန်ယူကာ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ ယင်းဆိပ်ခံတံတားတွင် အမြန်ရေယာဉ်များ နေ့စဉ်တစ်နေ့နှစ်ကြိမ် အသွားအပြန်လေးခေါက် ထွက်ခွာဆိုက်ကပ်ပြီး တစ်နေ့ပျမ်းမျှ လူဦးရေ ၄၀၀ ခန့် နေ့စဉ်အသုံးပြုသွားလာလျက်ရှိသည်။

"ကျွန်းစုရေဆိပ်ရဲ့ ထူးခြားချက်နဲ့ကိုက်ညီတဲ့ ရေတက်ရေကျ နှစ်မျိုးစလုံး အသုံးပြုလို့ရတဲ့ ဆိပ်ခံတံတားတည်ဆောက်ပေးတဲ့အတွက် ကတန်ကျွန်းပေါ်မှာ နေထိုင်ကြတဲ့ ရပ်ကွက်လေးရပ်ကွက်၊ ကျေးရွာ ၂၅ ရွာက ဒေသခံပြည်သူတွေ ဆိပ်ခံတံတားကို အသုံးပြုပြီး မိမိတို့လိုရာခရီးကို လွယ်ကူအဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီ ဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကို အထူးကျေးဇူးတင်ရှိပါတယ်"တု ကျွန်းစုမြို့နေ ဦးခင်စိုးက ပြောသည်။

(မြို့နယ် ပြန်/ဆက်)




ကျွန်းစုမြို့ မင်္ဂလာဆိပ်ခံတံတား ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (ပြန်/ဆက်)

# ဗန္ဓုလလျှပ်စစ်မြစ်ရေတင်ဖြင့် စိုက်ပျိုးရေရရှိသဖြင့် တောင်သူများ စိုက်ပျိုးရေးအဆင်ပြေ

ချောင်းဦး မတ် ၆

**မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်ပြီး စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြသည့် တောင်သူများ ယခုနှစ်နွေရာသီတွင် စိုက်ပျိုးရေလုံလောက်စွာ ရရှိစေရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် ဗန္ဓုလလျှပ်စစ်မြစ်ရေတင်မှ စိုက်ပျိုးမြေ ဧက ၅၀၀ ကျော်အား စိုက်ပျိုးရေကို ဖြန့်ဝေပေးလျက်ရှိသဖြင့် တောင်သူများ စိုက်ပျိုးရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။**



"ရွှေလေ့ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် သီးနှံများ စိုက်ပျိုးနိုင်ရန်အတွက် မြစ်ရေတင်လုပ်ငန်းက စိုက်ပျိုးရေနဲ့ စိုက်ပျိုးတာ ၂၀၁၄ ခုနှစ်ကတည်းကပါ။ အရင်က ကိုယ်ပိုင် အဝီစိတွင်းတွေ၊ မြစ်အတွင်းက ကိုယ်ပိုင်ရေတင်စက်တွေနဲ့ စိုက်ပျိုးကြရတာ။ အခက်အခဲအမျိုးမျိုးကြောင့် သီးနှံတွေကို သိပ်ပြီးမစိုက်နိုင်ဘူး။ လျှပ်စစ်မြစ်ရေတင်နဲ့ကျမှ အခု ဧက ၇၀၀ ဝန်းကျင်လောက် သီးနှံမျိုးစုံကို စိုက်နိုင်လာတယ်။ ချင်းတွင်းမြစ်ရေတွင် နုန်းမြေပါတဲ့အတွက် စိုက်ပျိုးမြေတွေလည်း ပြောင်းလာတယ်။ သီးနှံအထွက်နှုန်းလည်း တစ်နှစ်တက်တစ်နှစ်ပိုလာတဲ့အတွက် တောင်သူတွေ အဆင်ပြေပါတယ်။ စပါးဆို တစ်ဧကကို ပျမ်းမျှ ၉၀ ဝန်းကျင်လောက် အထိထွက်တယ်။ ယာမြေတွေကို လယ်မြေအဖြစ် တဖြည်းဖြည်း ပြောင်းစိုက်လာတဲ့အတွက် တစ်နှစ်တကြိ တစ်နှစ် လယ်မြေစိုက်ဧကလည်း တိုးလာတယ်။ ဒီနှစ်တ ရာသီဥတု အပူများမယ်လို့ သိရတဲ့အတွက် မြစ်ရေ လုံလောက်စွာ ရရှိရေးအတွက် ပြင်ဆင်မှုတွေလုပ်ပြီးပါပြီ။ လက်ရှိမှာ မြစ်ရေတင် စက်နှစ်လုံးမှာ နေ့ဘက်မှာ တစ်လုံးမောင်းပြီး ညဘက်ပိုင်းမှာ စက်နှစ်လုံး မောင်းတဲ့အတွက် ရေလုံလောက်မှုရှိပါတယ်"ဟု ရွှေကျင်ကျေးရွာမှ ဗန္ဓုလလျှပ်စစ်မြစ်ရေတင်ရရှိရေး ကော်မတီဝင်တစ်ဦးကပြောသည်။

ဗန္ဓုလလျှပ်စစ် မြစ်ရေတင်မှ စိုက်ပျိုးရေကို မြောင်းမကြီးမှ တစ်ဆင့် တောင်မြောက် သွယ်တန်းလျက်ရှိသော မနပဒေသာမြောင်း၊ ကြားမြောင်း သုံးမြောင်းတို့ဖြင့် ဖြန့်ဝေပေးလျက်ရှိကြောင်းနှင့် ကြားမြောင်းများ ဆက်လက်ဖော်ဆောင်လျက်ရှိကြောင်းနှင့် အဆိုပါလုပ်ငန်းများပြီးစီးပါက ဧက ၁၀၀၀ အထိ စိုက်ပျိုးရေ လုံလောက်စွာ ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မိုးချမ်း(မုံရွာ)**

## နေ့အပူချိန်များ အနည်းငယ်တိုးနိုင်

**နေပြည်တော် မတ် ၆**

လွန်ခဲ့သော ၂၄ နာရီအတွင်းက နေပြည်တော်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ တစ်ပြည်လုံးတွင် မတ်လ၏ ပျမ်းမျှ အပူချိန်ခန့်သာရှိသည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ကြို့ပင်ကောက်မြို့နှင့် ဘော်လခဲမြို့ တို့တွင် ၃၈ ဒီဂရီ စင်တီဂရိတ် စီတို့ ဖြစ်ကြသည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့် အတင့်ရှိမည်။ **(မိုး/ဇလ)**

# ခရီးသည်တင်ယာဉ်လိုင်း လိုင်းကားကြီးအချို့ မဟာဗန္ဓုလလမ်းပေါ် စည်းကမ်းမဲ့မောင်းနှင်ဆဲ

**ရန်ကုန် မတ် ၆**

လမ်းမတော်မြို့နယ်အတွင်းရှိ တစ်လမ်းမောင်းလမ်းမကြီးဖြစ်သော မဟာဗန္ဓုလ လမ်းပေါ်၌ လမ်းလယ်ကပ်တုံးဝါများ စီတန်းချထားသည်ကို မတ်လဆန်းတွင် မြင်တွေ့ရသည်။ သို့သော် ခရီးသည်တင်ယာဉ်ကြီးများအနက် မဟာဗန္ဓုလလမ်းအတိုင်း အနောက်မှအရှေ့သို့ မောင်းနှင်မည့် ယာဉ်လိုင်းအချို့မှ ယာဉ်ကြီးများသည် လမ်းလယ်တုံးတန်း၏ ခရီးသည်တင်ယာဉ်လိုင်းကြော မဟုတ်သည့်ဘက်မှ မောင်းနှင်သွားလာမှုကို မြင်တွေ့နေရဆဲဖြစ်သည်။ **(ယာဝုံ)**

မတ် ၆ ရက်နံနက် ၈ နာရီဝန်းကျင်တွင် မြောက်ဥက္ကလာ-ကြည့်မြင်တိုင်- တာမွေအဝိုင်းပတ် အထူးယာဉ်လိုင်းမှ ခရီးသည်တင်ယာဉ်ကြီးတစ်စီးသည် လမ်းလယ်တုံးတန်း၏ ခရီးသည်တင် ယာဉ်ကြောမဟုတ်သည့်ဘက်မှမောင်းနှင်ကာ လှည်းတန်းလမ်းထိပ်ရှိ ယာဉ်ဖြတ်လမ်းပေါက်မှတွေ့၍ လမ်းကြောင်းမှန်ပေါ်သို့ ပြောင်းလဲမောင်းနှင်သည်ကို မြင်တွေ့ရသည်။ ယင်းသို့ကွေ့ရာတွင် လမ်းကြောင်းမှန်သွား ခရီးသည်တင်ယာဉ်လိုင်းမှယာဉ်ကြီးများ၊ လမ်းဘေးတွင် အလုပ်လုပ်နေသော သန့်ရှင်းရေး ဝန်ထမ်းတို့အတွက် ထိပ်တိုက်တွေ့ဆုံပြီးယာဉ်အန္တရာယ်များဖြစ်ပေါ်လာနိုင်သည်ဟု မြင်တွေ့ရသူတစ်ဦးက ပြောသည်။

မဟာဗန္ဓုလ လမ်းပေါ်တွင် နံနက်ပိုင်းလှည့်ကင်းက စောင့်ကြည့်အရေးယူမှုရှိသော်လည်း လှည့်ကင်းမရှိချိန်တွင် ပေါ့လျော့သော်လည်း ရှိသည်။ လမ်းစည်းကမ်းဖောက်ဖျက်မှုသည် လှည့်ကင်းမရှိချိန်တွင် ဆောင်ရွက်လေ့ရှိကြောင်းကို ပြောကြားသည်။



# တောင်ငူမြို့နယ် စာရေးဆရာအသင်း အမှုဆောင်သစ်ရွေးချယ်ပွဲကျင်းပ

**တောင်ငူ မတ် ၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် စာရေးဆရာအသင်း မျက်နှာစုံညီအစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို မတ် ၆ ရက် နံနက် ၉ နာရီက တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အသင်းသားများ စုံညီစွာတက်ရောက်ပြီး အသင်းနာယကများဖြစ်ကြသော ဦးကျော်လှ (သတင်းစာဆရာ)နှင့် ဦးသောင်းရွှေ(ကေတု-မောင်ညိုလင်း)တို့က အမှာစကားများ ပြောကြားကြသည်။

ဆက်လက်၍ အသင်းဥက္ကဋ္ဌ ဦးအေးရွှေက နိုင်ငံတော်အဆင့် စာပေဆုများရရှိခဲ့ကြသည့် အသင်းဝင်စာရေးဆရာများဖြစ်ကြသော ကေတုမောင်ညိုလင်း၊ တက္ကသိုလ်ပွင့်သူအောင်၊ အောင်ခန့်ဖြိုးဝေ (တောင်ငူ)နှင့် ကာတွန်းကိုကိုဇော်(တောင်ငူ)တို့ လေးဦးကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်ကြရာ ဥက္ကဋ္ဌအဖြစ် ဦးစံလှ (စံ-ကေတု)၊ အတွင်းရေးမှူးအဖြစ် ဦးဇော်ဇော်(ဇော်ဇော်)၊ ဘဏ္ဍာရေးမှူးအဖြစ် ဦးကျော်မြင့်(မဟောသဓ)၊ အမှုဆောင်များအဖြစ် ဦးအေးရွှေ (အေးရွှေ-ကေတုမတီ)နှင့် ဦးကိုကိုဇော်(ကာတွန်းကိုကိုဇော်-တောင်ငူ)တို့ကို ရွေးချယ်တင်မြှောက်ကြကြောင်း သိရသည်။

**ကျော်လှ(တောင်ငူ)**

# ဘီပိုး၊ စီပိုး ဖြစ်ပွားမှုအများဆုံး နိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံပါဝင်နေ

**ရန်ကုန် မတ် ၆**

မြန်မာနိုင်ငံ ကျန်းမာရေးဦးစီးဌာနက ၂၀၁၅ ခုနှစ်တွင် ကောက်ယူခဲ့သော စာရင်းဇယားများအရ မြန်မာနိုင်ငံ၌ လူဦးရေ ၃ ဒသမ ၃ သန်းကျော်တွင် Hepatitis B ရောဂါပိုးရှိနေကြပြီး ၁ ဒသမ ၃ သန်းသည် Hepatitis C ရောဂါပိုးရှိနေကြောင်း၊ အဆိုပါ ရောဂါများကို အကြောင်းပြု၍ Cirrhosis နှင့် အသည်းကင်ဆာရောဂါများ ဖြစ်ပေါ်စေခဲ့ကြောင်း ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ပင်လုံဆေးရုံ၌ ကျင်းပသည့် အစာအိမ် အူလမ်းကြောင်းနှင့် အသည်းဌာန ဖွင့်လှစ်ခြင်းအခမ်းအနားမှ သိရသည်။

"မြန်မာနိုင်ငံမှာ ကျန်းမာရေးဦးစီးဌာနက ကောက်ယူတဲ့ စာရင်းဇယားတွေထက် ဘီပိုး၊ စီပိုး ဖြစ်ပွားမှုက များမယ်လို့ ပြောလို့ရတယ်။ ကမ္ဘာ့စာရင်းဇယားကို ကြည့်ရင်လည်း မြန်မာက အဖြစ်အများဆုံး နိုင်ငံစာရင်းထဲမှာ ပါနေတယ်"ဟု အသည်းအထူးကု ဆရာဝန်ကြီး ဝါမောက္ခ ဒေါက်တာခင်မောင်ဝင်းက ပြောသည်။

အစာအိမ် အူလမ်းကြောင်းနှင့် အသည်းဌာနကို စင်ကာပူအခြေစိုက် Asian American Medical Group၊ ပင်လုံဆေးရုံနှင့် လမ်း ၃၀ ဆေးခန်းတို့ ပူးပေါင်းပြီး မြန်မာနိုင်ငံ၌ ပထမဆုံး ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံ ဆေးပညာမှာ တော်တဲ့သူတွေရှိတယ်။ ဒါပေမယ့် အဆင့်မီကိရိယာ မရှိတဲ့အတွက် ဆေးကုသမှုခံယူမယ့်သူတွေက နိုင်ငံခြားကိုထွက်ပြီး ဆေးကုနေရတယ်။ စင်ကာပူက ဆေးရုံကြီးအတိုင်း ပင်လုံဆေးရုံမှာ ခေတ်မီကိရိယာတွေ အားလုံးတပ်ဆင်ထားတယ်။ အဲ့ဒီအတွက် နိုင်ငံခြားကိုထွက်ပြီး ကုစရာမလိုတော့ဘူး။ အိမ်နီးချင်းနိုင်ငံတွေကလည်း ဒီမှာလာကုသနိုင်ပြီ။ အသည်းအစားထိုးကလွဲပြီး အားလုံးကုလို့ရတယ်။ အသည်းအစားထိုး အဆင့်ထိရောက်အောင် တဖြည်းဖြည်းချင်း ဆောင်ရွက်သွားဖို့လည်း ရည်ရွယ်ထားတယ်"ဟု ပါမောက္ခ ဒေါက်တာ ခင်မောင်ဝင်းက ပြောသည်။

ပင်လုံဆေးရုံသည် ၂၀၀၇ ခုနှစ်တွင် ကျန်းမာရေးဝန်ဆောင်မှုပေးရန်အတွက် ခုတင် ၃၀၀ ဖြင့် စတင်ခဲ့သော ပုဂ္ဂလိကဆေးရုံဖြစ်ပြီး အထွေထွေဆေးဝါးနှင့် ခွဲစိတ်ကုသရေးဌာနတစ်ခုအဖြစ်မှ ပင်လုံကင်ဆာဌာန၊ ပင်လုံနှလုံးဌာန၊ ပင်လုံ Hemodialysis ဌာနတို့ကို ဖွင့်လှစ်နိုင်ခဲ့ပြီး ယခုအခါ အစာအိမ် အူလမ်းကြောင်းနှင့် အသည်းဌာနကိုပါ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

ပင်လုံဆေးရုံ၏ ကျောက်ကပ်ရောဂါအထူးကုဌာနတစ်ခု ဖြစ်သည့် Hemodialysis ဌာနသည် လက်ရှိ လူနာ၁၂၀ကျော်ထံမှ ကျောက်ကပ် လူနာ၁၅မှုများကို အောင်မြင်စွာ အစားထိုးကုသမှု ပေးနေသည့် ဌာနတစ်ခုဖြစ်ကြောင်းလည်း သိရသည်။ **မင်းသစ်**

# မြစိမ်းရောင်စီမံကိန်းတစ်နှစ်ပြည့် ကျေးရွာသို့ ကွင်းဆင်းတွေ့ဆုံဆွေးနွေး

**ချောင်းဦး မတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာဦးနှင့် ဝန်ထမ်းများသည် သန်းပင်ကန်ကျေးရွာအုပ်စု ကိုးတောင်ကန် မြစိမ်းရောင်စီမံကိန်း ကျေးရွာသို့ကွင်းဆင်း၍ ကျေးရွာ မြစိမ်းရောင် ကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့် ကွင်းဆင်းတွေ့ဆုံ ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီတာဦးက ကျေးရွာမြစိမ်းရောင် ကော်မတီဝင်များအနေဖြင့် မြစိမ်းရောင်စီမံကိန်း အတိုးရငွေကို ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရန် ရှိပါက ကျေးရွာသူ ကျေးရွာသားများနှင့် စနစ်တကျ ညှိနှိုင်းဆွေးနွေးပြီး အစည်းအဝေးဆုံးဖြတ်ချက်များနှင့်အတူ ဆောင်ရွက်မည့်လုပ်ငန်းများကို တင်ပြပေးရန်နှင့် မြစိမ်းရောင် ရန်ပုံငွေ ဒုတိယအကြိမ် ပြန်လည်ထုတ်ချေးပေးနိုင်ရန်အတွက် ယခင်နှစ် လုပ်ငန်းအတွေ့အကြုံအပေါ် မူတည်၍ စည်းကမ်းချက်များ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် လိုအပ်သည်များ ဖြည့်သွင်းရေးဆွဲတာ စည်းကမ်းနှင့်အညီ လျှောက်လွှာဖြည့်သွင်းခြင်းတို့ကို စိစစ်၍ မြို့နယ်သို့ အမြန်ဆုံးတင်ပြနိုင်ရေး ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိုးလေဝသပညာရှင်များ ခန့်မှန်းထားချက်အရ ၂၀၁၆ ခုနှစ် နွေရာသီကာလအတွင်း အယ်နီညိုရာသီဥတု ဖြစ်ပေါ်မည်ဖြစ်သောကြောင့် ကျေးရွာ၌ လက်ရှိရေသုံးစွဲမှုအခြေအနေ၊ စက်ရေတွင်းများ လည်ပတ်သုံးစွဲနိုင်မှု အခြေအနေ၊ မိုးရေလှောင်ကန်များကို ကွင်းဆင်းစစ်ဆေးပြီး ရေပြတ်လပ်မှုရှိပါက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ဆက်သွယ်အကြောင်းကြားပေးရန် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာအထောက်အကူပြုကော်မတီ၊ ကျေးရွာရေကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးလက်လူငယ်များနှင့် အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ရဲအောင်(ချောင်းဦး)**

**ရာသီဥတု အပူဒဏ်ပြင်းထန်မှုကြောင့် ဝေဒနာခံစားနေရသူ သက်ကြီးရွယ်အိုများအား ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက်၌ မတ် ၆ ရက်က မြန်မာ့ကြယ်ဖြူဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က အခမဲ့ကျန်းမာရေး စောင့်ရှောက်ကုသပေးမှုကို တွေ့ရစဉ်။**
မျိုးမင်းသိန်း(မရမ်းကုန်း)



# မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်ကြောင်း အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းတာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးများသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများနှင့် တိုင်းရင်းဆေးဝါးထုပ်ပိုးပုံစံဖြင့် ထုပ်ပိုးထားပြီး မည်သည့်မှတ်ပုံတင်မှုမရှိဘဲ အနောက်တိုင်းဆေးဝါးပါဝင်သည်ဟု ဖော်ပြထားသောဆေးဝါးများဖြစ်သဖြင့် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန်မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

**(က) တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ(၂၀)မျိုး**

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ ဖြန့်ချိဌာန |
|---|---|---|---|---|
| ၁။ | ရသာစုံ | အစာကြေလေနိုင် ချောင်းဆိုးပျောက်ဆေး | ဆေးမှုန့်/ ဆေးဘူး | မိဘမေတ္တာဆေးတိုက်၊ ၄၃၊ သတိပဋ္ဌာန်လမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။ |
| ၂။ | UBK | နားကြပ်ဆေး | ဆေးရည်/ ဆေးဘူး | UBK တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ ၃၅ လမ်း၊ ၅၆×၅၇ လမ်းကြား၊ ဝါခင်းကုန်းဘုရားလမ်း၊ မန္တလေးမြို့။ |
| ၃။ | လေယာဉ်ပျံ | အစာအိမ် လေနာပျောက်ဆေး | ဆေးမှုန့်/ ဆေးဘူး | ရရှိနိုင်သောနေရာများ ဘားအံမြို့၊ ကော့ကရိတ်၊ မြဝတီ။ |
| ၄။ | ရွှေကရင် | သွားကိုက်ပျောက် သွားကိုက်ဆေးမှုန့် | ဆေးမှုန့်/ ဆေးဘူး | လိပ်စာဖော်ပြထားခြင်းမရှိ |
| ၅။ | ဆရာကြီး ဦးခါ၏နေလ | နန်းတွင်းအဖြေကြော် ဆေးကြီး | ဆေးလုံး/ ဆေးထုပ် | စိတ္တသုခဆေးပေး၊ ဆေးကုဌာန နောင်ကုလားရပ်ကွက်၊ ဇရပ်ကြီးမြို့၊ ထန်းတပင်မြို့နယ်၊ တောင်ငူခရိုင်၊ ပဲခူးတိုင်းဒေသကြီး။ |
| ၆။ | သုံးသုံးသုံး | ငန်းဖြေကျော်ဆေးနီမှုန့် | ဆေးမှုန့်/ ဆေးထုပ် | ရတနာသီရိရပ်၊ ဒိုင်းဝန်းကွင်း၊ ရဲစခန်းအနီး၊ မော်လမြိုင်မြို့။ |
| ၇။ | သိကြား ကမ္ဘာလုံး | ဒူလာမီးယပ်လေဆေးကြီး | ဆေးမှုန့်/ ဆေးဘူး | ထက် စက်ပစ္စည်းဆိုင်၊ ဈေးမရပ်၊ စလင်းမြို့။ ကမ္ဘာအေးဆေးတိုက်၊ မဟာဝိသုတာရာမတိုက်လမ်း၊ စလင်းမြို့။ |
| ၈။ | ကံမြင့်မိုရ် | ငွယ်စုံရလိမ်းဆေးအဆီ | ဆေးဆီ/ ဆေးဘူး | အမှတ်(၃၅၂)၊ အဝေရာလမ်း၊ ထမ္ပဝတီရပ်၊ ကျောက်ပန်းတောင်းမြို့။ အမှတ်(၁၅၅)၊ ရန်မျိုးလုံ(၅) လမ်း၊ အောင်မင်္ဂလာရပ်၊ မကွေးမြို့။ |
| ၉။ | အဆစ်ပုံ | မှင်ဆေးနှင့် အဆစ်အမြစ်များကိုက်ခဲပျောက်ဆေး | ဆေးမှုန့်/ ဆေးထုပ် | လိပ်စာဖော်ပြထားခြင်းမရှိ |
| ၁၀။ | အရဟံ မြတ်ဝတ်မှုံ | ပန်းပေါင်းစုံသည်းခြေဆေး | ဆေးမှုန့်/ ဆေးဘူး | အမှတ်(၁၅၄၉)၊ အောင်ဇေယျ(၈)လမ်း၊ ဆ/၁၆ရပ်ကွက်၊ ရွှေပြည်သာပန်းပေါင်းစုံဆေးတိုက်။ |

*(ဆက်လက်ဖော်ပြပါမည်)*



# မူဆယ်-လားရှိုး-မန္တလေး-ဂုတ်တွင်း ကားလမ်းပွင့် ပုံမှန်အတိုင်း မော်တော်ယာဉ်များသွားလာ

**သီပေါ မတ် ၆**

ရှမ်းပြည်နယ်မြောက်ပိုင်း ပြည်ထောင်စုလမ်းမကြီး၏ မန္တလေး-လားရှိုး-မူဆယ် ကားလမ်းပေါ်ရှိ နောင်ချိုမြို့နယ်နှင့် ကျောက်မဲမြို့နယ်အကြား ဂုတ်တွင်းလမ်း၌ ဖေဖော်ဝါရီ ၂၉ ရက်မှ မတ် ၃ ရက်အထိ ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပွားခဲ့ရာ လားရှိုး၊ သီပေါ၊ ကျောက်မဲ၊ နောင်ချိုမြို့နယ်များမှ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြသည်။

မတ် ၃ ရက် ညနေ ၃ နာရီမှ ၆ နာရီအထိ မူဆယ်၊ လားရှိုး၊ သီပေါ၊ ကျောက်မဲမှ မော်တော်ယာဉ်များကို လည်းကောင်း၊ ညနေ ၆ နာရီမှ ည ၁၂ နာရီအထိ မန္တလေးမှ လားရှိုးသို့ လည်းကောင်း၊ မတ် ၄ ရက် တွင် ည ၁၂ နာရီမှ နံနက် ၆ နာရီအထိ မူဆယ်၊ လားရှိုး၊ သီပေါ၊ ကျောက်မဲမှ မန္တလေးသို့ လည်းကောင်း၊ နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မန္တလေးမှ လားရှိုးဘက်သို့ လည်းကောင်း မော်တော်ယာဉ်များကို အစုန်၊ အဆန် အချိန်သတ်မှတ်စေလွှတ်ပေးခဲ့သဖြင့် ယနေ့မွန်းလွဲ ၂ နာရီမှစ၍ မော်တော်ယာဉ်များ ပုံမှန်သွားလာလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)** **နိုင်း(သီပေါ)**

# ဒဂုံမြို့နယ်ရှိ ဟိုတယ်တစ်ခု၏ ၁၀ လွှာမှ နိုင်ငံခြားသားတစ်ဦး ပြုတ်ကျသေဆုံး

**ရန်ကုန် မတ် ၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက်ရှိ ဟိုတယ်တစ်ခု၏ ၁၀ လွှာမှ နိုင်ငံခြားသားတစ်ဦး ယနေ့နံနက်ပိုင်းက ပြုတ်ကျ၍ ရရှိဒဏ်ရာဖြင့် သေဆုံးခဲ့ကြောင်း ဒဂုံမြို့မရဲစခန်းမှ သိရသည်။

"ဟိုတယ်က ဖုန်းဆက်အကြောင်းကြားတာနဲ့ ချက်ချင်းသွားရောက်စစ်ဆေးပြီး ဆေးရုံကိုပို့တယ်။ ဆေးရုံဝင်ပေါက်နားရောက်တဲ့ အချိန်မှာပဲ ရရှိဒဏ်ရာနဲ့ သေဆုံးသွားပါတယ်"ဟု ဒဂုံမြို့မစခန်းမှူးက ပြောသည်။

ဖြစ်စဉ်မှာ မတ် ၆ ရက် နံနက် ၆ နာရီ မိနစ် ၅၀ ခန့်က အဆိုပါရပ်ကွက် နဝဒေးလမ်းရှိ အယ်ဖာဟိုတယ်အပေါ်ထပ်မှ နိုင်ငံခြားသားတစ်ဦး ပြုတ်ကျကြောင်း သတင်းအရ သက်ဆိုင်ရာတာဝန်ရှိသူတို့က သက်သေများနှင့်အတူ အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ အဆိုပါဟိုတယ် ၁၀ လွှာရှိ အခန်းအမှတ် (၁၀၀၃) တွင် တည်းခိုနေသူ ဂျပန်နိုင်ငံသား Mr. KURIHARA KENTARO (၅၃နှစ်)သည် ယင်းဟိုတယ်ရှေ့ရှိ ယာဉ်ရပ်နားရာနေရာ၌ ဘေးစောင်းအနေအထားနှင့် ဒဏ်ရာများဖြင့် လဲကျနေသည်ကို စစ်ဆေးတွေ့ရှိရပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်စဉ်သေဆုံးသွားခြင်းဖြစ်သည်။

အဆိုပါသေဆုံးသူ ဂျပန်နိုင်ငံသားသည် SOJITZ Corporation Yangon နှင့်ဆက်သွယ်၍ စားသောက်ကုန်လုပ်ငန်းများဆောင်ရွက်ရန် ဖေဖော်ဝါရီ ၂၈ ရက်က အဆိုပါဟိုတယ်သို့ စတင်ရောက်ရှိပြီး အခန်းအမှတ် (၁၀၀၉) တွင် တစ်ဦးတည်း တည်းခိုနေထိုင်ခဲ့ရာမှ ၎င်း၏အခန်းသည် အင်တာနက် ဆက်သွယ်မှုလိုင်းမကောင်းဟုဆိုကာ မတ် ၅ ရက်က အခန်းအမှတ် (၁၀၀၃) သို့ ပြောင်းရွှေ့နေထိုင်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် ယင်းကဲ့သို့ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

"အခန်းပြောင်းသွားတဲ့ အချိန်ကစပြီး အခန်းအပြင်လည်း မထွက်တော့ဘူး။ ဧည့်သည်လာတာလည်း မတွေ့ဘူး။ ဒီနေ့မနက်ပိုင်းမှာတော့ သူတည်းခိုတဲ့ အခန်းရဲ့ ပြတင်းပေါက်ကနေ ခြုတ်ကျပြီး အောက်မှာရှိတဲ့ ဓာတ်ကြိုးနဲ့ ကားခေါင်မိုးပေါ်ကတစ်ဆင့် မြေပြင်ပေါ်ကို ကျတာပါ။ လတ်တလောမှာတော့ ဖြစ်စဉ်နဲ့ ပတ်သက်ပြီး စစ်ဆေးမှုတွေလုပ်နေပါတယ်"ဟု ဒဂုံမြို့မ စခန်းမှူးက ပြောသည်။

အဆိုပါဖြစ်ပွားမှုနှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်/မဟုတ် စစ်ဆေးနိုင်ရန် ဒဂုံမြို့နယ်မြို့မရဲစခန်းက သေမှုသေခင်းဖွင့်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။



**သတင်း-ဇော်ကြီး(ပဏ္ဍိတ)**
**ဓာတ်ပုံ-Yangon Police**

# နမ့်ခမ်းမြို့ရဲစခန်းဝင်း၌ ဝန်ထမ်းအိမ်ရာမီးလောင်မှုဖြစ်ပွား

**နမ့်ခမ်း မတ် ၆**

ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်ခမ်းမြို့ ရဲစခန်းအတွင်း ဝန်ထမ်းအိမ်ရာတွင် မတ် ၆ ရက် ညနေ ၃ နာရီ ၁၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**



အဆိုပါမီးလောင်မှုဖြစ်ပွားသည့် အိမ်သည် ၁၉၆၀ ခုနှစ်ကတည်းက ဆောက်လုပ်ခဲ့သည့် အလျားပေ ၃၀၊ အနံ ၂၅ ပေ၊ သွပ်မိုးထရံကာ၊ ပျဉ်ခင်းခြေတံရှည် လုံးချင်းအိမ်ဟောင်းဖြစ်ပြီး ရဲအုပ် ဌေးဝင်းခိုင်နေထိုင်သည့်အိမ်ဖြစ် သည်။ ရဲအုပ်ဌေးဝင်းခိုင်မှာ မီးလောင်မှုဖြစ်ပွားချိန်တွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေချိန်ဖြစ်ပြီး နေအိမ်၌ မရှိခိုက် လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်ရခြင်းဖြစ်သည်။ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမျိုးမင်းသန့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များက အချိန်မီရောက်ရှိပြီး မီးသတ်ယာဉ်များဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ အခြားဝန်ထမ်းအိမ်ရာများကို မီးကူးစက်ခြင်းမရှိဘဲ အချိန်မီ မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် ဝန်ထမ်းအိမ်ဟောင်းတစ်လုံးသာ လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

**ဉာဏ်မင်း**

# လဲချားမြို့မဈေးအတွင်း မီးလောင်မှုဖြစ်ပွား

**လဲချား မတ် ၆**

ရှမ်းပြည်နယ် တောင်ပိုင်း လဲချားမြို့မဈေးအတွင်း နန်းခင်ဦးစက်ချုပ်ဆိုင်၌ မတ် ၆ ရက် နံနက် ၅ နာရီက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဟိုဖိုင်ကျေးရွာနေသူ နန်းခင်ဦးသည် မတ် ၅ ရက်က ၎င်း၏ စက်ချုပ်ဆိုင်၌ အသုံးပြုသည့် ကြေးမီးပူကို ဆိုင်သိမ်းချိန်တွင် မီးသွေးခဲများ ငြိမ်းသတ်ခဲ့ခြင်းမပြုဘဲ စက်ချုပ်ရာတွင်အသုံးပြုသည့် စားပွဲခုံပေါ်တွင် တင်ထားခဲ့သဖြင့် ယင်းမီးပူမှတစ်ဆင့် စားပွဲခုံကိုလောင်ကျွမ်းရာမှ အနီးရှိ အပ်ချုပ်စက်နှစ်လုံးနှင့် အဝတ်အစားများကို လောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာနေရာသို့ လဲချားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်သာမြ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ဇော်မိုးနှင့် တပ်ဖွဲ့ဝင်များ၊ မီးသတ်ဦးစီးမှူး ဦးကျော်စွာ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်ကားသုံးစီးနှင့် ဈေးသူဈေးသားများ ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၅ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါ မီးလောင်မှုနှင့် ပတ်သက်၍ မီးပေါ့ဆစွာသုံးစွဲသူ နန်းခင်ဦးအား လဲချားမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ယာဉ်မောင်း ဖုန်းပြောရာမှ လားရှိုးမြို့ရှောင်လမ်းတွင် မှန်လုံယာဉ်တစ်စီးတိမ်းမှောက်

**လားရှိုး မတ် ၆**

ရှမ်းပြည်နယ် မြောက်ပိုင်း တောင်ပေါ်ဒေသ လားရှိုးမြို့နယ် မယ်ဟန်ကျေးရွာအနီး လားရှိုးမြို့ရှောင်လမ်း မိုင်တိုင်အမှတ် ၂/၆နှင့် ၂/၇ ကြား အရောက်တွင် ယနေ့နံနက် ၅ နာရီခန့်က ရတနာစိုး ခရီးသည်တင် မှန်လုံယာဉ်အမှတ် YGN 8J/---- ယာဉ်တိမ်းမှောက်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ လားရှိုးမြို့နယ်ရဲစခန်းက သွားရောက်စစ်ဆေးရာ ယာဉ်မောင်း ဖိုးတုတ် (စုံစမ်းဆဲ) မောင်းနှင်လာသည့် ယာဉ်မှာ မန္တလေးမှ မူဆယ်သို့ ထွက်ခွာလာစဉ် လားရှိုးမြို့ရှောင်လမ်းအရောက်တွင် ဖုန်းပြောရာမှ ယာဉ်ကို အရှိန်မထိန်းနိုင်ဘဲ လမ်းဘေး ထိုးကျတိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း ဖိုးတုတ်နှင့် ယာဉ်နောက်လိုက် နေလင်းဦးတို့ နှစ်ဦးမှာ ထွက်ပြေးတိမ်းရှောင်သွားပြီး ယာဉ်ပေါ်ပါ ခရီးသည် အမျိုးသား ၃၆ ဦး၊ အမျိုးသမီး ၁၆ ဦး စုစုပေါင်း ၅၀ အနက် နှစ်ဦးသေဆုံးဖြီး အမျိုးသားလေးဦးနှင့် အမျိုးသမီးငါးဦး စုစုပေါင်း ကိုးဦးမှာ ဒဏ်ရာများရရှိကာ လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အဆိုပါယာဉ်တိမ်းမှောက်မှုနှင့် ပတ်သက်၍ သက်ဆိုင်ရာက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**





# စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူများဖမ်းဆီးရမိ

**နေပြည်တော် မတ် ၆**

မူးယစ်တပ်ဖွဲ့စု မူးယစ်တပ်ဖွဲ့စု (၅) တလေးမှ တပ်ဖွဲ့ဝင်များသည် မတ် ၄ ရက်က တလေးမြို့နယ် ဒိုးပိုင်းချောင်းကျေးရွာ (B)ရပ်ကွက် အမှတ်(၇၆)နေ မလားထန်မောရီး၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ မဖိုင်းထန်မောရီး၊ လားအင်ဇားမာနှင့် ဖိုးနွန်မောရာတို့အား တွေ့ရပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၃၇ ပြား ဖမ်းဆီးရမိခဲ့သည်။

အလားတူ ယင်းနေ့က ကွတ်ခိုင်မြို့ ရပ်ကွက်(၈) ကွတ်ခိုင်-ကောင်းခါးသွားလမ်းဆုံအနီး ရှောက်စိမ်းယုံ မောင်းနှင်လာသည့် ယာဉ်အမှတ် ၉ဂ/---- မတ်တူးယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၄ ပြားနှင့် ဘိန်းဖြူဆပ်ပြာခွက် ခြောက်ခွက် (အလေးချိန် ၆၀ ဂရမ်) တို့ကိုလည်းကောင်း၊ ထို့အပြင် သယ်နီကျွန်းမြို့နယ် ဆ/ကရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ ဘုရားလမ်းမှတ်တိုင်အနီး၌ သူရမင်း (ခ) ကိုထီးအားရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၁၃ပ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# အိမ်ရှင်မရှိခိုက် အိမ်တစ်လုံးမီးလောင်

**မြင်းမူ မတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်နှင့်ကပ်လျက် မြင်းမူမြို့နယ်အပိုင် မကျီးစုကျေးရွာအုပ်စု ကြာပင်လှရွာ၌ မတ် ၅ ရက် ည ၉ နာရီ ၄၅ မိနစ်က ဒေါ်သက်ထားပိုင်နေအိမ်မှ အိမ်ရှင်မရှိခိုက် သုံးခန်း ပတ်လည်၊ နှစ်ထပ်၊ မြေစိုက်အိမ်တစ်လုံး မီးလောင်ကျွမ်းသွားကြောင်း မြောင်မြို့နယ်ရဲစခန်းမှ သိရသည်။

**(၀၇၇)**

# ဘုရားဖူးယာဉ်တိမ်းမှောက်၊ ကိုးဦးသေဆုံးပြီး ၁၆ ဦး ဒဏ်ရာရရှိ

**မိတ္ထီလာ မတ် ၆**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် အမြန်လမ်း မိုင်တိုင်အမှတ် ၃၂၃ မိုင် ၁ ဖာလုံအနီး၌ မတ် ၆ ရက် နံနက် ၆ နာရီ ၁၅ မိနစ်ခန့်က ဘုရားဖူးယာဉ်တစ်စီး တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ဦးခင်မောင်ဆွေ အင်းစိန်ရွာမ နေထိုင်သူ မောင်းနှင်လာသည့် တန်တာအဖြူရောင် ယာဉ်အမှတ် 5G/ ---- သည် အမြန်လမ်းမိုင်တိုင် ၃၂၃ မိုင် ၁ ဖာလုံအနီး၌ တိမ်းမှောက်မှုဖြစ်ပွားပြီး ၂၆ ဦး ယာဉ်ပေါ်တွင် လိုက်ပါလာရာ ယာဉ်မောင်းအပါအဝင် ကိုးဦးသေဆုံးပြီး ၁၆ ဦး ဒဏ်ရာရရှိခဲ့သည်။




“ကျွန်တော်တို့ဆီကို ယာဉ်တိမ်းမှောက်တဲ့သတင်းက နံနက် ၆ နာရီ မိနစ် ၂၀ ခန့်မှာ ဖုန်းဝင်လာတယ်။ ဖုန်းဝင်လာချင်း ကျွန်တော့်ဆီက ကြက်ခြေနီတပ်ဖွဲ့ဝင် လေးဦးပါတဲ့ အရေးပေါ်လူနာတင်ယာဉ်နဲ့ ရောက်သွားချိန်မှာ တိမ်းမှောက်တဲ့ ယာဉ်ပေါ်က ခရီးသည်တွေကို ဆွဲထုတ်နေတုန်းရှိပါတယ်။ လမ်းသွားလမ်းလာ မော်တော်ယာဉ်တွေကလည်း ဝိုင်းဝန်းကူညီကြတယ်။ သေဆုံးသွားတဲ့လူ ကိုးဦးက မန္တလေးဆေးရုံကြီးကို ပို့ဆောင်စဉ် သုံးဦးက လမ်းမှာ ဆုံးသွားတယ်၊ ခြောက်ဦးက ဆေးရုံရောက်မှ ဆုံးသွားတာပါ။ ယာဉ်ပေါ် လိုက်ပါလာသူ ၂၆ ဦးထဲမှာ လုံးပဒဏ်ရာ မရရှိတဲ့သူက မခိုင်ချိုချိုဝင်း ၂၃ နှစ် မြောင်းမြမြို့ နေထိုင်သူဖြစ်ပါတယ်”ဟု မိတ္ထီလာ၂၈၅ မိုင်သီးကုန်း အမြန်လမ်းအရေးပေါ် ရှေးဦးပြုစုခြင်းစခန်းမှ ခရိုင်ဒုဦးစီးမှူး ဦးနေဦးက ပြောကြားသည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားရာနေရာသို့ စကားအင်းအမြန်လမ်းရဲစခန်း၊ ပြင်စည်အမြန်လမ်းရဲစခန်း၊ ပြင်စည်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံလူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများက အချိန်မီရောက်ရှိ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

**နေပြည်တော် မတ် ၆** နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီး တစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **(မိုး/ဇလ)**

## ကမာရွတ်မြို့နယ် လှည်းတန်းစင်တာအနီး ယာဉ်တိုက်မှုဖြစ်ပွား

**ရန်ကုန် မတ် ၆**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် လှည်းတန်းစင်တာအနီး၌ ယနေ့ နံနက် ၁ နာရီ ၅၅ မိနစ်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ ထိခိုက်ဒဏ်ရာရရှိသူ ၁၅ ဦးအား ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ခဲ့ရကြောင်း သိရသည်။

လှည်းတန်းမီးပွိုင့်အနီးရှိ လှည်းတန်းစင်တာရှေ့၌ ပြည်လမ်းအတိုင်း လှိုင်မြို့နယ်ဘက်မှ စမ်းချောင်းဘက်သို့ မောင်းနှင်လာသည့် ယာဉ်အမှတ် CC/---- ပရိုဘောက်ယာဉ်သည် လှည်းတန်းလမ်းမသို့ ချိုးကွေ့စဉ် တက္ကသိုလ်ရိပ်သာလမ်းအတိုင်း ဗဟန်းဘက်မှ ကမာရွတ်ဘက်သို့ မောင်းနှင်လာသော ယာဉ်အမှတ် 1k /---- တင်တာယာဉ်သည် လှည်းတန်းဘက်သို့ ချိုးကွေ့စဉ် ပရိုဘောက်ယာဉ်ကို နောက်မှဝင်တိုက်မိရာ ပရိုဘောက်ယာဉ်တွင် ရှေ့ယာဘက်ဘီးပြုတ်ထွက်သွားပြီး ရှေ့မှန်ကွဲကာ ရှေ့ခေါင်းချိုင့်ဝင်သွားခဲ့သည်။ ကင်တာယာဉ်တွင် ရှေ့ယာဘက်ခြမ်း ခေါင်းကြေ၍ တံခါးပျက်စီးသွားခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်နှစ်စီးပေါ်တွင် လိုက်ပါလာသော ယာဉ်မောင်းနှင့် ခရီးသည်အပါအဝင်အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီးကိုးဦး စုစုပေါင်း ၁၅ ဦးတို့မှာ ဒဏ်ရာများရရှိခဲ့သဖြင့် အရေးပေါ်လူနာတင်ယာဉ် နှစ်စီးဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ရကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မှုကြောင့် ယာဉ်အား မဆင်မခြင်မောင်းနှင်လာသော ယာဉ်မောင်း ငြိမ်းချမ်းမောင်နှင့် ရဲထက်လင်းတို့ နှစ်ဦးအား အမှတ်(၇)ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှ ကမာရွတ်မြို့မရဲစခန်းတွင် အမှုဖွင့်တိုင်ကြားထားပြီး ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

## ငွေကြေးအမြောက်အမြား သုံးစွဲနေသူနှစ်ဦး စစ်ဆေးရာမှ ခိုးမှုပေါ်ပေါက်

**ကော့သောင်း မတ် ၆**

ငွေကြေး အမြောက်အမြားသုံးစွဲနေသူနှစ်ဦးအား စစ်ဆေးခဲ့ရာမှ ခိုးယူလာသော ငွေကြေးများဖမ်းဆီးရမိသည့် ဖြစ်စဉ်တစ်ခု ကော့သောင်းမြို့၌ မတ် ၆ ရက် မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် မျက်နှာစိမ်းလူနှစ်ဦးသည် ငွေကြေးအမြောက်အမြား သုံးစွဲနေကြောင်းနှင့် အေးရိပ်ငြိမ်ရပ်ကွက် စားသောက်ဆိုင်တစ်ဆိုင်တွင်ရောက်ရှိနေကြောင်း သတင်းအရ မြို့နယ်ရဲတပ်ဖွဲ့စခန်းက နယ်ထိန်းနှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ၎င်းတို့နှစ်ဦးထံမှ ငွေစက္ကူရောရာ ၁၁၆၉၀၀ နှင့် ထိုင်းဘတ်ငွေ ၅၀၀၊ သံဃာတော်တစ်ပါး၏ ခတ်ပုံငါးပုံနှင့် ခေါက်ပိုက်ဆံအိတ်တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်စစ်ဆေးခဲ့ရာ ၎င်းတို့နှစ်ဦးသည် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်နေသူများဖြစ်ပြီး ယုဇနဆီအုန်းတွင် အလုပ်လုပ်ကိုင်ရာမှ အဆင်မပြေသဖြင့် ၆ မိုင်ရှိ ညောင်လေးပင်ဘုန်းတော်ကြီးကျောင်း၌ ခေတ္တတည်းခိုနေထိုင်ကာ ကျပန်းအလုပ်လုပ်ကိုင်နေစဉ် မတ် ၆ ရက်က ၎င်းတို့တည်းခိုနေထိုင်ရာ ဘုန်းတော်ကြီးကျောင်းရှိ ခန်းနေဆရာတော်၏ သံသေတ္တာကို ခိုးယူဖွင့်ဖောက်၍ တွေ့ရှိငွေများ ခိုးယူလာကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ပြစ်မှုကျူးလွန်သူ နှစ်ဦးအား ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



## အင်းတော်မြို့နယ် မဲဇာချောင်းကူးတံတားပေါ်၌ ကုန်တင်ယာဉ်တစ်စီးတိမ်းမှောက်

**အင်းတော် မတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နတ်ရေတွင်းရွာနှင့် မဲဇာရွာကြား မဲဇာချောင်းကူးတံတားပေါ်၌ ချား၊ ရဟတ်ပစ္စည်းများ တင်ဆောင်လာသော ယာဉ်တစ်စီး တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။ **(ယာဉ်ပုံ)**

ဖြစ်စဉ်မှာ မတ် ၆ ရက် နံနက် ၉ နာရီက ရဲအုပ် စိုးလှိုင်သည့် မဲဇာရဲကင်းစခန်းမှူး တာဝန်ဆောင်ရွက်နေစဉ် နတ်ရေတွင်းရွာနှင့် မဲဇာရွာကြား မဲဇာချောင်းကူးတံတားပေါ်၌ ယာဉ်တစ်စီးတိမ်းမှောက်နေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ဝန်းသို၊ နန်းခမ်း၊ မဲဇာတားလမ်းအတိုင်း ယာဉ်မောင်း တင်ဌေးမောင်းနှင်သည့် ယာဉ်အမှတ် MDY 2B/--- ယာဉ်သည် စိုးမိုးအောင်(ချားရဟတ်) အဖွဲ့မှ ပစ္စည်းတင်ဆောင်ပြီး နတ်ရေတွင်း၊ မဲဇာယာယီ ချောင်းကူးတံတားအား ဖြတ်သန်းမောင်းနှင်စဉ် တံတား ကျိုးကျ၍ ယာဉ်မှာ ယာဘက် ခြမ်းသို့ လဲကျကာ မဲဇာချောင်းအတွင်းသို့ ပြုတ်ကျသွားခဲ့သည်။ လူထိခိုက်ဒဏ်ရာရရှိမှု မရှိဘဲ ယာဉ်မောင်း တင်ဌေး(၅၇နှစ်) မန္တလေးမြို့နေသူအား အင်းတော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



**ကိုနိုင်(အင်းတော်)**

## ရေတာရှည်မြို့၌ ယာဉ်တိုက်မှုဖြစ်ပွား၊ ဆိုင်ကယ်မောင်းသူ သေဆုံး

**ရေတာရှည် မတ် ၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့လယ်၌ မတ် ၅ ရက် နံနက် ၉ နာရီခန့်က ကားလမ်းအတိုင်း မောင်းနှင်လာသော ကုန်တင်ယာဉ်ကို ဈေးလမ်းဘက်မှ ဖြတ်တက်မောင်းနှင်လာသည့် ဆိုင်တယ်က အရှိန်လွန်ပြီး ဝင်ရောက်တိုက်မိခဲ့ရာ ဆိုင်ကယ်မောင်းသူ အမျိုးသားမှာ နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေး ကားလမ်းအတိုင်း တောင်မှမြောက်သို့ ကျော်ဌေးဦး(၃၈နှစ်) ညောင်လွန့်အနောက်ရွာ တပ်ကုန်းမြို့နယ် နေသူမောင်းနှင်လာသည့် ၂ခ/---- ဟီးနိုး ၁၀ ဘီးကုန်တင်ယာဉ်သည် ရေတာရှည်မြို့လယ် ဗိုလ်ချုပ်လမ်းထိပ်အရောက် ဈေးလမ်းဘက်မှ လွင်းကျော်(၄၆ နှစ်) မအူတုန်းကျေးရွာ ပေါက်ချောင်းကျေးရွာအုပ်စု ရေတာရှည်မြို့နေသူ မောင်းနှင်လာသည့် ဆိုင်ကယ်မှ ကုန်တင်ယာဉ်၏ ဘေးဘက်ခြမ်းကို ဝင်ရောက်တိုက်မိခဲ့ပြီး ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ပြီး ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## ပျားဖွပ်ရာကတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ဘက်ရဲမြို့ ကိုးအင်းကျေးရွာတွင် မတ် ၄ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ က မီးလောင်မှုဖြစ်ပွားရာ ကြံခင်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှတပ်ဖွဲ့ဝင်များ၊ ဘက်ရဲနယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ ဘက်ရဲမြို့/ကြံခင်းမြို့နယ် မီးသတ်တပ်ဖွဲ့မှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုဖြစ်စဉ်မှာ ယင်းရွာနေ ကိုဖိုးထူး(၃၀နှစ်)၏ နေအိမ်အနောက်ဘက်ကပ်လျက်ရှိ နွားတင်းကုပ်အမိုးတွင် စွဲကပ်နေသော ပျားအုံကို ညီဖြစ်သူ ကျော်ဇင်ဦး(၂၃ နှစ်)က ဂက်စ်မီးခြစ်ဖြင့်မီးရှို့၍ ပျားဖွပ်ရာကတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။ မီးလောင်မှုကြောင့် နွားတင်းကုပ်တစ်လုံးနှင့် လူနေအိမ်ခြောက်လုံး မီးလောင်ဆုံးရှုံးခဲ့သဖြင့် ကျော်ဇင်ဦးအား ဘက်ရဲနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## ကိုယ့်အားကိုယ်ကိုး ကျေးရွာလျှပ်စစ်မီးလင်းရေးဖွင့်

**မြင်းခြံ မတ် ၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် နဘူးအိုင်ကျေးရွာ၌ ဆောင်ရွက်ခဲ့သော ကိုယ့်အားကိုယ်ကိုး ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ပြီးစီးသဖြင့် ဖွင့်ပွဲကို ကျေးရွာအခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း၌ မတ် ၄ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဝန်ကြီး ဦးကျော်မြင့်၊ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံ၊ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ ကျေးရွာအုပ်စု မီးလင်းရေးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုင်းဒေသကြီး လျှပ်စစ်ဝန်ကြီးနှင့် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးတို့က အမှာစကားပြောကြားကာ ကျေးရွာအုပ်စုမီးလင်းရေးကော်မတီဥက္ကဋ္ဌက မီးလင်းရေးအတွက် ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## ကျေးလက်ဒေသများတွင် လျှပ်စစ်မီးရရှိရေးဆောင်ရွက်

**တောင်ငူ မတ် ၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ်အတွင်း ကျေးလက်ဒေသများတွင် လျှပ်စစ်ဓာတ်အားစနစ် ပိုမိုတိုးတက်ကောင်းမွန်လာရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လျှပ်စစ်ဓာတ်အားလိုင်း မရောက်ရှိသေးသော နေရာဖြစ်သည့် မြို့ဆိုးကျေးရွာ၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ JICA တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၃၃/၁၁ ကေဗွီ(၅)အမ်ဗွီအေ ထန်းတပင် ဓာတ်အားခွဲရုံမှ မြို့ဆိုးကျေးရွာအထိ အရှည် ၁၀ မိုင်ရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်းကို တည်ဆောက်လျက်ရှိကြောင်း၊ အဆိုပါဓာတ်အားလိုင်း တည်ဆောက်ပြီးစီးပါက ကျေးရွာအုပ်စုငါးခုမှ ကျေးရွာပေါင်း ၂၀ ရွာရှိ အိမ်ခြေသုံးထောင်နီးပါးအနေဖြင့် လျှပ်စစ်ဓာတ်အား ချိတ်ဆက်သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်လှ(တောင်ငူ)**

## သတင်းတိုများ

### နွေရာသီတွင်ကျေးရွာများရေပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားမှုများကို ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများ၌ နွေရာသီတွင် အယ်နီညိုသက်ရောက်မှုကြောင့် သောက်သုံးရေ ရှားပါးပြတ်လပ်မှုများ မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ဆောင်ရွက်မှုများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာများသို့ အဖွဲ့များခွဲ၍သွားရောက်ပြီး ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်ချိုချိုနွယ်နှင့် ဝန်ထမ်းများက ကျေးရွာများသို့ ကွင်းဆင်း၍ ကျေးရွာများရှိ လက်တူးတွင်း၊ မိုးရေလှောင်ကန်၊ လက်နှိပ်တုံကင်၊ စက်ရေတွင်း၊ ရေလျှံတွင်းတို့ကို ရေတိုင်းတာခြင်း၊ လက်ရှိအချိန်တွင် သောက်သုံးရေ ရရှိသုံးစွဲနေမှု အခြေအနေနှင့် ရေပြတ်လပ်မှု ဖြစ်နိုင်ချေ ရှိ မရှိတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။

**ခင်ဦးစိုးဝေ**

### ကလေးများအတွက်ဆေးရောင်စုံခြယ်နှင့် ပုံပြင်ပြောခြင်းအစီအစဉ်များပြုလုပ်

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ် မော်တင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး စာကြည့်တိုက်၌ ကလေးများအတွက် ဆေးရောင်စုံခြယ်ပြိုင်ပွဲနှင့် ပညာပေး ပုံပြင်ပြောခြင်းအစီအစဉ်များကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ မတ် ၃ ရက်က ပြုလုပ်ခဲ့သည်။ ဆေးရောင်စုံခြယ်ပြိုင်ပွဲတွင် ကလေးငယ် ၂၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပုံပြောပွဲအစီအစဉ်တွင် စာထောက်(၃) ဒေါ်မိုးမိုးသူက ကလေးငယ်များအား ပညာပေးပုံပြင်များ ပြောပြခဲ့ကာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီထွေးနိုင်က ကလေးသူငယ်အခွင့်အရေးများအပါအဝင် ပညာပေးအကြောင်းအရာများ ကလေးမိဘများအား ရှင်းလင်းပြောကြားခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**



## ချောင်းဆုံတွင် ဘီပိုးကာကွယ်ဆေးများ အခမဲ့ထိုးနှံပေး

**ချောင်းဆုံ မတ် ၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် အသဲရောင်အသားဝါ ဘီပိုးစစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်းများကို အသဲဖောင်ဒေးရှင်းနှင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ NGO အဖွဲ့ဝင်များပူးပေါင်း၍ မြို့နယ်ပြည်သူ့ဆေးရုံ၌ မတ် ၄ ရက်က စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အသဲရောင်အသားဝါ ဘီပိုးစစ်ဆေးခြင်းကို မတ် ၄ ရက်တွင် ဆောင်ရွက်ပေးပြီး မတ် ၅ ရက်တွင် ဝင်ကလုံဘုရားဝင်း၌ ဘီပိုးကာကွယ်ဆေးများကို အခမဲ့ထိုးနှံပေးခဲ့ကြောင်း၊ အသက် ၁၂ နှစ်နှင့် ၅၀ နှစ်အကြားရှိသူများကိုသာ ကာကွယ်ဆေးထိုးလက်ခံပြီး ဆေးထိုးမည့်သူများသည် တစ်လတစ်ကြိမ်ဖြင့် သုံးလထိုးရမည်ဖြစ်ကြောင်း အသဲဖောင်ဒေးရှင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ချောင်းဆုံမြို့နယ်တွင် အသည်းရောင်အသားဝါ ဘီပိုး စစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းတို့ကို တိုက်နယ်လေးခုခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး ချောင်းဆုံတိုက်နယ်တွင်ပါဝင်သည့် ကျေးရွာ ၁၆ ရွာမှ သွေးစစ်ဆေးမှုခံယူသူ ၄၃၀ ရှိကြောင်း ချောင်းဆုံတိုက်နယ်အပြင် ကျန်တိုက်နယ် သုံးခုဖြစ်သည့် မုရစ်ကလေးတိုက်နယ်၊ ရွာလွတ်တိုက်နယ်၊ ကညော့်တိုက်နယ်များသို့လည်း ဆက်လက်သွားရောက်ကာ ကာကွယ်ဆေးများ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထူးအိမ်(iprd)**

## ပေါက်မြို့မဈေး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

**ပေါက် မတ် ၆**

ပေါက်မြို့ မြို့မဈေးအတွင်း မီးဘေးကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်လျှပ်စစ်ဌာနတို့ပူးပေါင်း၍ မတ် ၄ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပေါက်မြို့တွင် မီးဘေးလုံခြုံရေးနှင့် မီးလောင်မှုကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဈေးအတွင်းရှိဆိုင်များမှ ဈေးသူဈေးသားများ မီးသတိရှိစေရေး၊ မီးသုံးစွဲမှုများနှင့် လျှပ်စစ်သွယ်တန်းမှုများ စနစ်တကျဖြစ်စေရေး၊ အလင်းရောင်အတွက်မှအပ အခြားလျှပ်စစ်ပစ္စည်းများ သုံးစွဲခြင်းမပြုရေးစသည်တို့ကို လိုက်လံစစ်ဆေးကာ လိုအပ်သည်များကို အကြံပြုခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့အပြင် မီးဘေးအန္တရာယ်ကျရောက်ပါက မီးသတ်ကားများ အလွယ်တကူဝင်နိုင်ရေးအတွက် လမ်းကြောင်းများရှင်းလင်းခြင်း၊ မီးသတ်ဆေးဘူးများ ကိုင်တွယ်အသုံးပြုပုံများကို ရှင်းလင်းပြသခြင်းနှင့် ဈေးဆိုင်ခန်းတိုင်းတွင် မီးသတ်ဆေးဘူးများ အသင့်ချိတ်ဆွဲထားရှိရန် နှိုးဆော်အသိပေးခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ဇဲ)**



## စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေး



**နမ့်ခမ်း မတ် ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့ မြို့နယ်ခန်းမ၌ စာကြည့်တိုက်ဝန်ဆောင်မှုများမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ မတ် ၄ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်နေခြည်သွေးက အလုပ်ရုံဆွေးနွေးပွဲကျင်းပသည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် နမ့်ခမ်းမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ စာကြည့်တိုက်မှူးများ၊ စာသင်ကျောင်းများမှ စာကြည့်တိုက်မှူးများက စာကြည့်တိုက်ဝန်ဆောင်မှုများမြှင့်တင်ရေးအတွက် ခေါင်းစဉ်ငါးခုကို အုပ်စုငါးစုခွဲ၍ ဆွေးနွေးခဲ့ကြသည်။

"ကျွန်မတို့အနေနဲ့ အခုလို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခွင့်ရလို့ ဝမ်းသာပါတယ်။ စာကြည့်တိုက်အတွက် လိုအပ်တဲ့ နည်းပညာတွေ၊ လိုအပ်တဲ့ စာအုပ်စာစောင်တွေကို တတ်နိုင်သရွေ့ ကူညီပေးမယ်ဆိုရင် ဘယ်နည်းနဲ့မဆို စာကြည့်တိုက်တွေ ရှင်သန်မှာဖြစ်ပါတယ်"ဟု ရပ်ကွက်စာကြည့်တိုက်မှူးတစ်ဦးက ပြောသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှင်သန်နိုင်မာရန် လုပ်ဆောင်သင့်သည်များ၊ တွေ့ကြုံရသည့်အခက်အခဲများကို ရင်ဆိုင်ကျော်လွှားရန်နည်းလမ်းများ စသည်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ညဏ်မင်း(နမ့်ခမ်း)**

## မြေအောက်ရေဖြင့် စိုက်ပျိုးထားသောနွေစပါးများ အောင်မြင်ဖြစ်ထွန်း

**ရေစကြို မတ် ၆**

ယခုနှစ် နွေစပါးစိုက်ရာသီတွင် ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ မြေအောက်ရေဖြင့် စိုက်ပျိုးထားသော နွေစပါးခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် အယ်နီညိုရာသီဥတုကြောင့် ရေရှားပါးမှု ကြုံတွေ့နိုင်သဖြင့် သတိပေးချက်များအရ တောင်သူများမှာ သက်တမ်းတိုစပါးမျိုးများကို စိုက်ပျိုးခဲ့ကြပြီး စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာပေးသည့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်အတိုင်း စိုက်ပျိုးခဲ့ကြသဖြင့် စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းခြင်းဖြစ်ကြောင်း တောင်သူအချို့ထံမှ သိရသည်။

"ကျွန်တော့်စပါးခင်းက မြေအောက်ရေနဲ့ စိုက်ပျိုးထားတာပါ။ စိုက်ပျိုးတဲ့စပါးမျိုးက သက်တမ်းတိုပြီး အထွက်နှုန်းကောင်းတဲ့ ပခန်းရွှေဝါစပါးမျိုးဖြစ်ပါတယ်။ ပခန်းကြီး OISCA သင်တန်းကျောင်းက ဝယ်ယူစိုက်ပျိုးတာ ဖြစ်ပါတယ်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာပေးတဲ့ သိပ္ပံနည်းကျစိုက်ပျိုးရေးစနစ်ကို ကျင့်သုံးစိုက်ပျိုးပါတယ်။ အရင်က မနောသုခစပါးကိုစိုက်ပြီး ဒီနှစ်က အယ်နီညိုရာသီဥတုကြောင့် သက်တမ်းတိုစပါးမျိုးကို စိုက်ပျိုးကြဖို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြေညာထားတာကြောင့် သက်တမ်းတိုစပါးကို ရွေးချယ်စိုက်ပျိုးတာဖြစ်ပါတယ်"ဟု မြေအောက်ရေ ဖြင့် နွေစပါးစိုက်ပျိုးအောင်မြင်နေသည့် ထန်းဆယ်ပင်ကျေးရွာမှ တောင်သူ ဦးတင်ညွန့်က ပြောသည်။

ရေစကြိုမြို့နယ်၌ ယခုနှစ် နွေစပါးစိုက်ရာသီတွင် နွေစပါး ၃၅၂၉ ဧကကို လျာထားစိုက်ပျိုးလျက်ရှိကာ နွေစပါးများအတွက် ရေရရှိရေးကိုလည်း နည်းလမ်းငါးသွယ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မေထွေးထားဇော်(ရေစကြို)**

# မြန်ကြားရေးဝန်ကြီးဌာန
# သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
# လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများကို နိုင်ငံခြားငွေ၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| | | | |
|---|---|---|---|
| (က) | နိုင်ငံခြားစက္ကူ ၃၀" | ၇၀၀၀ | တန် |
| (ခ) | Web Ink(Black) | ၆၃၂၀၀ | ကီလို |
| (ဂ) | Web Ink(Cyan) | ၄၀၀၀၀ | ကီလို |
| (ဃ) | Web Ink(Magenta) | ၃၈၀၀၀ | ကီလို |
| (င) | Web Ink(Yellow) | ၃၆၀၀၀ | ကီလို |
| (စ) | Sheetfed Ink Black | ၆၀၀ | ကီလို |
| (ဆ) | Fountain Solution | ၈၀၀၀ | လီတာ |
| (ဇ) | CTP Plate (Fuji System)(889x609x0.3)mm | ၃၂၀၀၀ | ချပ် |
| (ဈ) | CTP Plate(Kodak System)(889x577x0.3)mm | ၂၁၀၀၀ | ချပ် |
| (ည) | CTP Plate(Kodak System)(889x609x0.3)mm | ၁၀၅၀၀၀ | ချပ် |
| (ဋ) | Developer(Fuji System) | ၁၀၀၀ | လီတာ |
| (ဌ) | Developer(Kodak System) | ၂၀၀၀၀ | လီတာ |
| (ဍ) | Replenisher(Fuji System) | ၂၇၀၀ | လီတာ |
| (ဎ) | Gum Arabic | ၄၀၀ | လီတာ |
| (ဏ) | Wipe on Aluminium Plate(650x550x0.24)mm | ၃၀၀၀ | ချပ် |
| (တ) | Ortho Film(22"x32") | ၆၀ | ဘူး |
| (ထ) | Developing Lacquer | ၃၀၀ | လီတာ |
| (ဒ) | Plate Cleaner | ၄၀၀ | လီတာ |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၇-၃-၂၀၁၆ရက်မှ ၆-၄-၂၀၁၆ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄း၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၆-၄-၂၀၁၆ရက် နံနက် ၉နာရီမှ ညနေ ၄း၃၀နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ်(၇)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**မြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်**
**ထုခွဲရောင်းချရေးကော်မတီ**
**မြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၂၇**

# ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ
# လမ်း/တံတားအသုံးပြုခကောက်ခံရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များကို မဲစနစ်ဖြင့်
# လေလံတင်ရောင်းချရန်ကြော်ငြာ

ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ နိုင်ငံပိုင်အောက်ဖော်ပြပါလမ်း/တံတားအသုံးပြုခကောက်ခံလျက်ရှိသော ဂိတ်(၁၇)ခု၏ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များကို နိုင်ငံသားများအား မဲစနစ်ဖြင့် အောက်ပါအတိုင်း လေလံတင် ရောင်းချမည်ဖြစ်ပါသည်-

**(က)လေလံတင်ရောင်းချမည့်လမ်း/တံတားဂိတ်များ**

| စဉ် | လမ်းဂိတ်အမည် | ခရိုင်အမည် | လမ်းအမည် | ကြမ်းခင်းဈေး (ကျပ်သိန်း) |
|---|---|---|---|---|
| ၁။ | အောင်ပန်း | တောင်ကြီး | အောင်ပန်း-ပင်လောင်း-မိုးဗြဲ-လွိုင်ကော်လမ်း | ၁၀၀၀ |
| ၂။ | ကျုံး | တောင်ကြီး | ဟန်မြင့်မိုရ်-မြို့ကြီး-ရှာင်-အောင်ပန်းလမ်း(အသွားတစ်ကြောင်းသာ) | ၃၂၀ |
| ၃။ | ပင်လောင်း(အောင်-ပင်) | တောင်ကြီး | အောင်ပန်း-ပင်လောင်း-မိုးဗြဲ-လွိုင်ကော်လမ်း(အသွားတစ်ကြောင်းသာ) | ၂၀၀ |
| ၄။ | ဆီဆိုင်-ဟိုပုံး | တောင်ကြီး | တောင်ငူ-လွိုင်ကော်-ဟိုပုံးလမ်း | ၁၄၀ |
| ၅။ | ကွန်ဟိန်း | လွိုင်လင် | မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း | ၄၀၀ |
| ၆။ | လွိုင်လင်(ပန်ကေတု) | လွိုင်လင် | လွိုင်လင်-ပန်ကေတု-သီပေါလမ်း | ၆၀ |
| ၇။ | ပင်လုံ | လွိုင်လင် | လွိုင်လင်-ပန်ကေတု-သီပေါလမ်း | ၁၄၅ |
| ၈။ | ကွန်ဟိန်းတံတား | လွိုင်လင် | မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း | ၃၄၀ |
| ၉။ | တာကော်တံတား | လွိုင်လင် | မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း | ၅၅ |
| ၁၀။ | ကျောက်တစ်လုံး | တောင်ကြီး | တောင်ကြီး-ဟမ်းဆီး-နောင်ယာဆိုင်း-ကျောက်တစ်လုံးလမ်း | ၂၀၀ |
| ၁၁။ | ညောင်ရွှေ(ရွှေညောင်) | တောင်ကြီး | ရွှေညောင်-ညောင်ရွှေလမ်း | ၁၅၀ |
| ၁၂။ | အောင်ပန်း+မွေးလှ | တောင်ကြီး | အောင်ပန်း-ပင်းတယလမ်း | ၃၂၀ |
| ၁၃။ | သာယာကုန်း | တောင်ကြီး | အေးသာယာ-ညောင်ရွှေ-မိုင်းသောက်-နမ့်ပန်-တုံဟုံးလမ်း | ၂၀၅ |
| ၁၄။ | ညောင်ရွှေ(နမ့်ပန်) | တောင်ကြီး | အေးသာယာ-ညောင်ရွှေ-မိုင်းသောက်-နမ့်ပန်-တုံဟုံးလမ်း | ၂၅၅ |
| ၁၅။ | ပင်းတယ | တောင်ကြီး | အောင်ပန်း-ပင်းတယ-ရပ်စောက်လမ်း(အသွားတစ်ကြောင်းသာ) | ၈၅ |
| ၁၆။ | ရပ်စောက်(ကြာအင်း) | တောင်ကြီး | အောင်ပန်း-ပင်းတယ-ရပ်စောက်လမ်း(အသွားတစ်ကြောင်းသာ) | ၆၀ |
| ၁၇။ | ထောင်ပတ် | တောင်ကြီး | ဟဲဟိုး-ဘော်ဆိုင်း-ပင်းတယလမ်း | ၁၁၀ |

(ခ) **လေလံဝင်ခွင့်လျှောက်လွှာထုတ်ယူရမည့်နေရာ**
ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တောင်ကြီးမြို့။

(ဂ) **လေလံလျှောက်လွှာစတင်ထုတ်ယူရမည့်ရက်**
၉-၃-၂၀၁၆ရက် (ရုံးချိန်အတွင်း)။

(ဃ) **လေလံလျှောက်လွှာပိတ်ရက်**
၁၅-၃-၂၀၁၆ရက် ညနေ ၄း၀၀နာရီ။

(င) **လေလံပွဲကျင်းပမည့်ရက်နှင့်အချိန်**
၁၈-၃-၂၀၁၆ရက် နံနက် ၉း၀၀နာရီ။

(စ) **လေလံပွဲကျင်းပမည့်နေရာ**
ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ စုစည်းခန်းမ၊ လမ်းဦးစီးဌာန၊ တောင်ကြီးမြို့။

၂။ ဂိတ်တစ်ခုခြင်းအလိုက် စိတ်ပါဝင်စားကြေး ပေးသွင်းရမည်ဖြစ်ပြီး စိတ်ပါဝင်စားကြေး/လုပ်ကိုင်ခွင့်လိုင်စင် ရောင်းချခြင်း၊ လုပ်ကိုင်ခွင့်ရရှိပါက လိုက်နာရမည့်စည်းကမ်းချက်များနှင့် အသေးစိတ်သိရှိလိုသောအချက်များကို အောက်ပါဖုန်းများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။ **ဆက်သွယ်ရန် ဖုန်း-၀၈၁-၂၁၂၁၀၁၆၊ ၀၈၁-၂၁၂၁၁၄၂**

**ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်း/တံတားလေလံလုပ်ကိုင်ခွင့်ကြီးကြပ်ရေးအဖွဲ့**


**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ဆုံးခြင်း**

ယာဉ်အမှတ် 7J/7091 Honda Fit GEG, Hatch Back (4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဦး ၁၂/ဒဂတ(နိုင်)၀၁၉၃၁၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**


# ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|
| ၈၇/မမ(CME) | ရန်ကုန်နှင့်မန္တလေးအခြေစိုက်လူစီးရထားတွဲဆိုင်းများတွင် ပိုးမွှား ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် |

တင်ဒါပိတ်မည့်နေ့/အချိန် – ၂၁.၃.၂၀၁၆ (တနင်္လာနေ့) (၁၂း၃၀)နာရီထိ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၇.၃.၂၀၁၆ )ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူ နိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ၄င်းဌာနသို့မေးမြန်း နိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊
(၅၁)လမ်းနှင့်ကုန်သည်လမ်းထိပ် ၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း -294352, 291994.

# မကွေးတိုင်းဒေသကြီးအတွင်းရှိ လမ်း/တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း
# လုပ်ကိုင်ခွင့် လေလံတင်ရောင်းချရန်ကြော်ငြာ

၁။ မကွေးတိုင်းဒေသကြီးအတွင်းရှိ လမ်းအသုံးပြုခကောက်ခံရေးဂိတ်(၁၈)ခုနှင့် တံတားအသုံးပြုခကောက်ခံရေးဂိတ် (၁၁)ခုတို့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ၁-၄-၂၀၁၆ရက်မှ ၃၁-၃-၂၀၁၇ရက်အထိ လမ်း/တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းလိုင်စင်(၁)နှစ် လုပ်ကိုင်ခွင့်ကို အောက်ဖော်ပြပါအတိုင်း လေလံစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်-

**(က) လေလံတင်ရောင်းချမည့်လမ်းဂိတ်များ**

| စဉ် | ခရိုင် | မြို့နယ် | လမ်းဂိတ်အမည် | သတ်မှတ်လေလံတန်ဖိုး (ကျပ်သိန်း) |
|---|---|---|---|---|
| **ပြည်ထောင်စုလမ်းပေါ်ရှိ လမ်းဂိတ်များ** | | | | |
| ၁။ | မကွေး | မကွေး | မြို့သစ်-ကံပြား(၇၉/၄)ဂိတ် နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား-မကွေးလမ်း | ၂၂၀ |
| ၂။ | မကွေး | မြို့သစ် | မြို့လုလင် (၄၅/၃)ဂိတ် နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား-မကွေးလမ်း | ၂၃၀ |
| ၃။ | မကွေး | တောင်တွင်းကြီး | ချောင်းနက်ဂိတ် တောင်တွင်းကြီး-တောင်ညို-ပျဉ်းမနားလမ်း | ၁၉၀ |
| ၄။ | မင်းဘူး | ငဖဲ | ပဒါန်း(၁)ဂိတ် မင်းဘူး-ပဒါန်း-အမ်း-တပ်တောင်လမ်း | ၃၈၅ |
| ၅။ | မင်းဘူး | ငဖဲ | ပဒါန်း(၂)ဂိတ် ပုသိမ်-မုံရွာလမ်း | ၆၀၀ |
| ၆။ | မင်းဘူး | စလင်း | စလင်း-ကန်ပြားဂိတ် ပုသိမ်-မုံရွာလမ်း | ၁၄၀ |
| ၇။ | မင်းဘူး | စလင်း | တညောင်ဂိတ် မင်းလှ-ကနီ-မင်းဘူး-တညောင်-ဆိပ်ဖြူလမ်း | ၂၆၀ |
| ၈။ | ပခုက္ကူ | ဆိပ်ဖြူ | ကဖွန်းမဂိတ် ပုသိမ်-မုံရွာလမ်း | ၉၀ |
| ၉။ | ပခုက္ကူ | ပေါက် | ရေပြာဂိတ် ပုသိမ်-မုံရွာလမ်း | ၆၀ |
| ၁၀။ | သရက် | ဆင်ပေါင်ဝဲ | ကိုးပင်လမ်းဂိတ် ကိုးပင်-သာဂရလမ်း | ၁၂၀ |
| ၁၁။ | ဂန့်ဂေါ | ဂန့်ဂေါ | ဂန့်ဂေါဂိတ် မုံရွာ-ပုလဲ-ဂန့်ဂေါ-ဟားခါးလမ်း | ၄၆၀ |
| ၁၂။ | ဂန့်ဂေါ | ဂန့်ဂေါ | ဂန့်ဂေါ(ဟားခါး)ဂိတ် ဂန့်ဂေါ-ကလေးလမ်း | ၃၀၀ |
| ၁၃။ | ပခုက္ကူ/ဂန့်ဂေါ | ပေါက်/ကျောက်ထု | ပခုက္ကူ-မင်းတပ်လမ်းဂိတ် ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ်လမ်း | ၁၃၀ |
| ၁၄။ | မင်းဘူး | မင်းဘူး | မင်းဘူး(၁)ဂိတ် မင်းဘူး-ပဒါန်း-အမ်း-တပ်တောင်လမ်း | ၄၇၅ |
| **တိုင်းဒေသကြီးလမ်းပေါ်ရှိ လမ်းဂိတ်များ** | | | | |
| ၁၅။ | မကွေး | နတ်မောက် | မြို့သစ်-နတ်မောက်(၂၅/၇)ဂိတ် တောင်တွင်းကြီး-မြို့သစ်-နတ်မောက်လမ်း | ၄၀၀ |
| ၁၆။ | ပခုက္ကူ | ပခုက္ကူ | ပခုက္ကူ-မြစ်ခြေဂိတ် ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါလမ်း | ၂၅၀ |
| ၁၇။ | မင်းဘူး | စလင်း/စေတုတ္တရာ | စလင်း(စေတုတ္တရာ)ဂိတ် စလင်း-စေတုတ္တရာလမ်း | ၁၀၀ |
| ၁၈။ | မင်းဘူး | မင်းဘူး | ရွှေစက်တော်ဖြတ်လမ်းဂိတ် ရွှေစက်တော်ဖြတ်လမ်း | ၆၀ |

**(ခ) လေလံတင်ရောင်းချမည့်တံတားဂိတ်များ**

| စဉ် | ခရိုင် | မြို့နယ် | တံတားဂိတ်အမည် | သတ်မှတ်လေလံတန်ဖိုး (ကျပ်-သိန်း) |
|---|---|---|---|---|
| **ပြည်ထောင်စုလမ်းပေါ်ရှိ တံတားဂိတ်များ** | | | | |
| ၁။ | မကွေး | မြို့သစ် | ယင်းချောင်း(မြို့သစ်)(သာမန်) နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား-မကွေးလမ်း | ၆၀ |
| ၂။ | မကွေး | မကွေး | ရေဝတီတံတား(မလွန်)(စီမံကိန်း) သစ်ရာကောက်-မလွန်-မင်းလှ-မင်းဘူးလမ်း | ၂၅၀ |
| ၃။ | မင်းဘူး | မင်းဘူး | မန်းချောင်း(ဉယျာဉ်)တံတား(သာမန်) ပုသိမ်-မုံရွာလမ်း | ၆၀ |
| ၄။ | မင်းဘူး | စလင်း | ဒွယ်တမယ်တံတား(စီမံကိန်း) မင်းလှ-ကနီ-မင်းဘူး-တညောင်-ဆိပ်ဖြူလမ်း | ၅၄၀ |
| ၅။ | သရက် | မင်းတုန်း | ကန်လည်တံတား(စီမံကိန်း) ပုသိမ်-မုံရွာလမ်း | ၄၃၅ |
| ၆။ | သရက် | မင်းလှ | ရွှေချောင်းတံတား(သာမန်) ပုသိမ်-မုံရွာလမ်း | ၁၁၀ |
| ၇။ | ဂန့်ဂေါ | ဂန့်ဂေါ | မြစ်သာမြစ်ကူး(စိုင်ဒူး)(သာမန်) မုံရွာ-ပုလဲ-ဂန့်ဂေါ-ဟားခါးလမ်း | ၉၅ |
| **တိုင်းဒေသကြီးလမ်းပေါ်ရှိ တံတားဂိတ်များ** | | | | |
| ၈။ | သရက် | မင်းလှ | ချောင်းကောက်တံတား(သာမန်) သရက်-မင်းလှလမ်း | ၂၀၀ |
| ၉။ | မကွေး | နတ်မောက် | ယင်းချောင်း(နတ်မောက်)တံတား(သာမန်) တောင်တွင်းကြီး-မြို့သစ်-နတ်မောက်လမ်း | ၂၂၀ |
| ၁၀။ | ပခုက္ကူ | ပေါက် | အမှတ်(၁)ပေါက်တံတား(စီမံကိန်း) ဆိပ်ဖြူ-ပေါက်လမ်း | ၃၀၀ |
| ၁၁။ | ပခုက္ကူ | ပေါက် | အမှတ်(၂)ပေါက်တံတား(စီမံကိန်း) ပုသိမ်-မုံရွာလမ်း | ၃၀၀ |

(ဂ) **ခဲစနစ်လေလံရောင်းချမည့်ရက်/အချိန်** - ၁၆-၃-၂၀၁၆ရက်၊ နံနက် ၈း၃၀နာရီ
(ဃ) **ခဲစနစ်လေလံရောင်းချမည့်နေရာ** - မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အစည်းအဝေးခန်းမ၊ မကွေးမြို့

၂။ စိတ်ပါဝင်စားသူများ လေလံနှင့်ပတ်သက်၍ လေလံစည်းကမ်းချက်အသေးစိတ်အား မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် ၈-၃-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် သတ်မှတ်ချက်များနှင့်အညီ လျှောက်လွှာတင်သွင်းလွှာများကို ၁၁-၃-၂၀၁၆ရက် ညနေ ၁၆း၃၀နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် တင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**လေလံကြီးကြပ်ရေးကော်မတီ**
**မကွေးတိုင်းဒေသကြီး**

# လုပ်ငန်းအမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အင်းလျားရိပ်သာ၊ အမှတ်(၁၆/အေ)တွင် ယခင်ကတည်းကမှစ၍ ယခုထိတိုင် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသော မျက်နှာအရေပြားနှင့် ခွဲစိတ်အထူးကု လေဆာဆေးခန်းကို ဒေါက်တာဆွေဆွေဝင်း ၁၂/ဥကတ(နိုင်)၁၁၀၅၆၄ သည် အောက်ဖော်ပြပါ လုပ်ငန်း အမှတ်တံဆိပ် အမည်အမှတ်အသားအား ရန်ကုန်တိုင်းဒေသကြီး စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။

Laser Face လေဆာဖေ့(စ်)
မျက်နှာအရေပြားနှင့် ခွဲစိတ်အထူးကုလေဆာဆေးခန်း

၄/၁၆၃၃

အထက်တွင် ကပ်နှိပ်ဖော်ပြထားသော 'Laser Face'လေဆာဖေ့(စ်)လုပ်ငန်း အမှတ်တံဆိပ် အမည်အမှတ်အသားကို ဒေါက်တာဆွေဆွေဝင်းသည် ကိုယ်ခန္ဓာနှင့် မျက်နှာအရေပြားအလှအပဆိုင်ရာပြုပြင်ခြင်း၊ လေဆာကုထုံးဆိုင်ရာဆေးကုသခြင်း၊ ခွဲစိတ်ကုသခြင်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် တစ်ဦးတည်း မူပိုင်လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် ရန်ကုန်မြို့နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် ဆေးကုသခန်းများဖွင့်လှစ်ဆောင်ရွက်မည်ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါ 'Laser Face'လေဆာဖေ့(စ်)လုပ်ငန်း အမှတ်တံဆိပ် အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊အစိတ်အပိုင်းကိုဖြစ်စေ၊ ဆင်တူယိုးမှားပြုလုပ်၍သော်လည်းကောင်း၊ အရောင်နှင့် အရွယ်အစားအမျိုးမျိုး တုပ၍သော်လည်းကောင်း၊ အတုအပပြုလုပ်၍ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုလုပ်ပါရန်နှင့် အကယ်၍ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ခင်ဦး LL.B
အထက်တန်းရှေ့နေ-စဉ်(၃၁၂၅၉)
အိမ်အမှတ် ၄၀၊ ခုနစ်လွှာ/ဘီ၊ သတိပဋ္ဌာန်လမ်း၊
ကျူးကွက်သစ်ရပ်ကွက်၊တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၇၁၉၆၄၈

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄၊ မြေကွက်အမှတ် ၈၀၆/ခ၊ မြေကွက်တည်နေရာအမှတ် ၈၀၆/ခ၊ ရေကြည်လမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဦးဝင်းဦး အမည်ပေါက် ပါမစ်မြေအား အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်စပ်ဖြင့်ဝယ်ယူခဲ့သူ ဒေါ်မြမြ ၁၂/လမန(နိုင်)၀၂၁၆၄၀ မှ ပါမစ်မူရင်းနှင့် စာချုပ်စာတမ်းများ ခြကိုက်မှုက်စီးပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၄၂၁၇၉ Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်ဝင်း ၁၂/လမတ (နိုင်) ၀၂၅၃၅၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ စရိုင်ရုံး (မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

## ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ၅ လမ်း၊ အမှတ် ၃၇နေ ဦးဇော်မင်း ၁၂/လမတ(နိုင်)၀၀၆၉၂၇သည် ငွေအကျေပေးဆပ်ပြီးဖြစ်၍ ၂၉-၂-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ

## အများသိရှိရန် ကြော်ငြာခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ဗဟိုရ်စည်အိမ်ရာ၊ အမှတ် ၈၉/၉၀ နေ ဦးမင်းသိမ်း၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်။

ဦးဇော်မင်းသည် ဦးမင်းသိမ်းထံသို့ ငွေကျပ် ၉၆၈၀၀၀၀၀ (ငွေကျပ်ကိုးရာခြောက်ဆယ့်ရှစ်သိန်းတိတိ)အား ပေးဆပ်ရန် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာခဲ့ရာ ၃-၃-၂၀၁၆ ရက်တွင် ဦးဇော်မင်းမှ ဦးမင်းသိမ်းထံသို့ ၄င်းပေးဆပ်ရန်ရှိသော ငွေများအား အကျေပေးသွင်းပြီးဖြစ်သဖြင့် ၂၉-၂-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၈တွင်ပါရှိသော အများသိရှိရန် ကြေညာချက်အား ပြန်လည်ရုပ်သိမ်းကြောင်း ကြော်ငြာအပ်ပါသည်။

ဦးမင်းသိမ်း၏ညွှန်ကြားချက်အရ-

ဦးနိုင်ဦး(စေတုတ္တရာ)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၀၃)
ဖုန်း-၀၉-၄၂၂၄၆၅၉၈၅၊ ၀၉-၉၆၀၇၃၄၀၅၀

ဒေါ်ချစ်တိုးမေ LL.B(Advocate)
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၃၆၅)
ဖုန်း-၀၉-၉၇၆၄၀၇၀၁၈၊ ၀၉-၂၅၄၅၈၆၉၇၉

# ကျွန်းစုမြို့ မင်္ဂလာဆိပ်ခံတံတားဖွင့်



ကျွန်းစု မတ် ၆

မြိတ်မြို့နှင့် ကျွန်းစုမြို့နယ် ကျွန်းရွာများသို့ ခရီးသွားပြည်သူများအား သယ်ယူ ပို့ဆောင်ပေးလျက်ရှိသည့် နေ့စဉ် အမြန်ရေယာဉ်များ၊ စက်လှေများ ထွက်ခွာဆိုက်ကပ်ရာတွင် အသုံးပြုလျက်ရှိသည့် ပေ (၂၂၀× ပေ ၉၀) သံကူကွန်ကရစ် ကျွန်းစုမြို့ မင်္ဂလာဆိပ်ခံတံတားသစ် ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်က ကျင်းပရာ ဆိပ်ခံတံတားသစ်ကို တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

# ရတနာကမ်းလွန်သဘာဝဓာတ်ငွေ့ စီမံကိန်း၏ ပတ္တမြားသဘာဝဓာတ်ငွေ့သိုက် တိုးချဲ့ဆောင်ရွက်



နေပြည်တော် မတ် ၆

မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်း ဖြစ်သည့် ရတနာသဘာဝဓာတ်ငွေ့ စီမံကိန်းသည် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော Total E&P Myanmar ကုမ္ပဏီမှ ၁၉၉၂ ခုနှစ်တွင် Operator အဖြစ် စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၉၈ ခုနှစ်တွင် သဘာဝဓာတ်ငွေ့များကို ပြည်ပသို့ ပိုက်လိုင်းဖြင့် တင်ပို့လျက်ရှိသော စီမံကိန်းတစ်ခု ဖြစ်သည်။

ရတနာသဘာဝဓာတ်ငွေ့ စီမံကိန်းမှ သဘာဝဓာတ်ငွေ့ ကုဗပေ သန်း ၅၀၀ ကျော်ကို ပြည်ပသို့လည်းကောင်း၊ ကုဗပေ သန်း၂၀၀ခန့်ကို ပြည်တွင်း၌သုံးစွဲရန်အတွက်လည်းကောင်း နေ့စဉ်ထုတ်လုပ်ပို့လွှတ်လျက်ရှိရာ အမြင့်ဆုံး သဘာဝဓာတ်ငွေ့ သို့လှောင်မှုပမာဏကို ၂၀၂၀ ပြည့်နှစ်အထိ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရန်အတွက် ကမ်းလွန်လုပ်ကွက် M-5 နှင့် M-6 အတွင်းရှိ ပတ္တမြားဘူမိအနေအထား၌ ထုတ်လုပ်မှုမြှင့်တင်နိုင်မည့် တွင်းသစ်

စာမျက်နှာ ၃ ကော်လံ ၁ ❖

## ယနေ့ ပတ်စရာ

ဒုက္ခသည် အချို့ကျွဲဝေလက်ခံရေး ဩစတြီးယား ငြင်းဆို

စာ » ၄

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်နှင့် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြား၊ ဘိန်းဖြူ၊ အိုက်စ်နှင့် ထိန်းချုပ်ဓာတုပစ္စည်းများ ဖမ်းဆီးရမိ

စာ » ၁၃






မြန်မာ့အလင်း Gmail mmalin.npt @ gmail.com. www.facebook.com/MYANMAALINNNEWS